Burmese / မြန်မာ

Australian Government

မဲကို မပေးမနေရ ပေးရမည်

သင့်အတွက် တရားဝင်

# ပြည်သူ့ဆန္ဒခံယူပွဲအကြောင်း စာအုပ်ငယ်

ဤစာအုပ်ငယ်တွင် အောက်ပါတို့ပါဝင်သည်။




စာမျက်နှာ 5




စာမျက်နှာ 27

# ဤစာအုပ်ငယ်အကြောင်း

ဤတရားဝင် ပြည်သူ့ဆန္ဒခံယူပွဲအကြောင်း စာအုပ်ငယ်တွင် အရေးကြီးသော
စာတမ်းနှစ်စောင်ပါရှိသည်-
သင့်အတွက် တရားဝင် Yes/No ပြည်သူ့ဆန္ဒခံယူပွဲဆိုင်ရာ လက်ကမ်းစာစောင် နှင့်
၂၀၂၃ ခုနှစ် ပြည်သူ့ဆန္ဒခံယူပွဲဆိုင်ရာ တရားဝင်လမ်းညွှန်။




## စာမျက်နှာ 5 သင့်အတွက် တရားဝင် Yes/No ပြည်သူ့ဆန္ဒခံယူပွဲဆိုင်ရာ လက်ကမ်းစာစောင်

**စာမျက်နှာ 6** ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြောင်းလဲနိုင်ကောင်းစရာများ။

ဤစာမျက်နှာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲရန် အဆိုပြုထားချက်များကို ဖော်ပြထားသည်။

အဆိုပြုဥပဒေကို လွှတ်တော်နှစ်ရပ်လုံးမှ အတည်ပြုခဲ့သည်။ Constitution Alteration (Aboriginal and Torres Strait Islander Voice) 2023 ၂၀၂၃ ခုနှစ် [ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲမှု (အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများ၏ သဘောထင်မြင်ချက်ဆိုင်ရာ အဖွဲ့အစည်း)] တွင်ကြည့်ပါ။

**စာမျက်နှာ 7** Yes နှင့် No အကြောင်းပြချက်များ

Yes မဲ သို့မဟုတ် No မဲပေးရန် အကြောင်းပြချက်တို့ကို ဘေးချင်းယှဉ် တင်ပြထားပါသည်။

အဆိုပြုဥပဒေကို ထောက်ခံသည့် သို့မဟုတ် ကန့်ကွက်ပြီး ၎င်းကို ရှေ့ဆက်တင်ပြရန်လည်း လိုလားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုက Yes/No အကြောင်းပြချက်များကို တင်ပြခဲ့ပါသည်။

**Yes သို့မဟုတ် No အကြောင်းပြချက်များကို ပြင်ဆင်ရန် သို့မဟုတ် အချက်အလက်များ မှန်၊မမှန် စစ်ဆေးရန် AEC ၌ ဥပဒေပြု အခွင့်အာဏာ မရှိပါ။**




## စာမျက်နှာ 27 ၂၀၂၃ ခုနှစ် ပြည်သူ့ဆန္ဒခံယူပွဲဆိုင်ရာ တရားဝင်လမ်းညွှန်

တရားဝင်လမ်းညွှန်တွင် မဲပေးခြင်းနှင့် မဲရုံများဆိုင်ရာ အရေးကြီးသော အချက်အလက်များနှင့် ရွေးကောက်ပွဲ ဥက္ကဌထံမှ မှာကြားချက်များပါရှိသည်။

တရားဝင်လမ်းညွှန်ကို သြစတြေးလျား ရွေးကောက်ပွဲကော်မရှင် (AEC) က ပြင်ဆင်ထားသည်။



# ဘာသာပြန်ထားသော ပုံစံများနှင့် အသုံးပြုနိုင်သော ဖွဲ့စည်းထားမှုပုံစံများ

**တရားဝင် ပြည်သူ့ဆန္ဒခံယူပွဲဆိုင်ရာ စာအုပ်ငယ်ကို အင်္ဂလိပ်နှင့် အခြားဘာသာစကားများ၊ ရှေးဦးလူမျိုးများ၏ (အသံဖြင့်သာ) ဘာသာစကားများနှင့် မျက်မမြင် သို့မဟုတ် အမြင်အာရုံနည်းပါးသော မဲဆန္ဒရှင်များအတွက် အင်္ဂလိပ်ဘာသာစကား ပုံစံများ ရှိပြီး Easy Read (အလွယ်တကူ ဖတ်နိုင်သည့်) (တရားဝင်လမ်းညွှန်သာ) ဖြင့်လည်း ရရှိနိုင်ပါသည်။**

**မဲပေးခြင်းနှင့် ပြည်သူ့ဆန္ဒခံယူပွဲဆိုင်ရာ နောက်ထပ်အချက်အလက်များကို သိရှိရန်အတွက် သင့်ဘာသာစကားဖြင့် အကူအညီရယူရန် 1300 290 617 ကို ဖုန်းဆက်ပါ။**

ဤစာမျက်နှာကို ဗလာအဖြစ် တမင်တကာ ထားထားသည်။



Australian Government

မဲကို မပေးမနေရ ပေးရမည်

သင့်အတွက် တရားဝင်

# YES | NO

# ပြည်သူ့ဆန္ဒခံယူပွဲဆိုင်ရာ လက်ကမ်းစာစောင်

# ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြောင်းလဲနိုင်ဖွယ်ရာများ။

## ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး အဆိုပြုချက်ဆိုင်ရာ ထုတ်ပြန်ချက်

Constitution Alteration (Aboriginal and Torres Strait Islander Voice) 2023 [၂၀၂၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲမှု (အဘော်ရိဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသားများ၏ သဘောထင်မြင်ချက်ဆိုင်ရာ အဖွဲ့အစည်း)]ဖြစ်သည့် အဆိုပြုထားသော ဥပဒေသည် အောက်ပါစာသားကို အခန်း ၈ နောက်တွင် ထည့်သွင်းခြင်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲပစ်ပါလိမ့်မည်။

**Chapter IX—Recognition of Aboriginal and Torres Strait Islander Peoples** (အခန်း ၉၊ အဘော်ရိဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများအား အသိအမှတ်ပြုခြင်း)

**129 Aboriginal and Torres Strait Islander Voice** (အဘော်ရိဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသားများ၏ သဘောထင်မြင်ချက်ဆိုင်ရာ အဖွဲ့အစည်း)

အဘော်ရိဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများအား ဩစတြေးလျားနိုင်ငံ၏ ရှေးဦးလူမျိုးများအဖြစ် အသိအမှတ်ပြုရာတွင်၊

(i) Aboriginal and Torres Strait Islander Voice ဟုခေါ်တွင်မည့် အဖွဲ့အစည်း ရှိစေရမည်

(ii) Aboriginal and Torres Strait Islander Voice သည် အဘော်ရိဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် လွှတ်တော်နှင့် နိုင်ငံတော်၏ အမှုဆောင် အစိုးရထံ ကိုယ်စားပြုမှုများ ပြုလုပ်နိုင်သည်။

(iii) လွှတ်တော်သည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအပေါ်မူတည်၍၊ ၎င်း၏ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်အာဏာများနှင့် လုပ်ထုံးလုပ်နည်းများအပါအဝင် Aboriginal and Torres Strait Islander Voice နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များနှင့်စပ်ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းနိုင်ခွင့်ရှိသည်။

အဆိုပြုသည့်ဥပဒေသည် 'Chapter VIII Alteration of the Constitution' (အခန်း ၈၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြောင်းလဲခြင်း) ကို ရည်ညွှန်းပြီးနောက်တွင် အောက်ပါ စာသားကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မာတိကာ၌ ထည့်သွင်းခြင်းအားဖြင့်လည်း ပြောင်းလဲပစ်မည်ဖြစ်သည်။

Chapter IX Recognition of Aboriginal and Torres Strait Islander Peoples
(အခန်း ၉၊ အဘော်ရိဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများအား အသိအမှတ်ပြုခြင်း)



# အောက်ပါစာမျက်နှာများတွင် **Yes** နှင့် **No** အကြောင်းပြချက်များကို တွေ့ရပါမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုပြုဥပဒေကို ထောက်ခံပြီး သို့မဟုတ် ကန့်ကွက်ပြီး ၎င်းကို ရှေ့ဆက်တင်ပြရန်လည်း လိုလားကြသည့် နိုင်ငံတော် လွှတ်တော်ကိုယ်စားလှယ်များနှင့် အထက်လွှတ်တော် အမတ်များ အများစုက အကြောင်းပြချက်တစ်ခုစီနှင့် စပ်လျဉ်းသည့် လျှောက်လဲချက်များကို တင်ပြထားပါသည်။

အဆိုပြုဥပဒေကို ထောက်ခံမဲပေးကြကာ ယင်းကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသူများက Yes အကြောင်းပြချက်ကို ဖော်ထုတ်ခဲ့ကြပြီး အဆိုပြုဥပဒေကို ကန့်ကွက်မဲပေးခဲ့ကြ၍ ယင်းကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသူများက No အကြောင်းပြချက်ကို ဖော်ထုတ်ခဲ့ကြသည်။

*Referendum (Machinery Provisions) Act 1984* (Cth) (နိုင်ငံတော်၏ *၁၉၈၄ ခုနှစ် ပြည်သူ့ ဆန္ဒခံယူပွဲ (လုပ်ငန်းစဉ်ပိုင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ* ၁၁(၁) အရ၊ အကြောင်းပြချက်တစ်ခုစီအတွက် စကားလုံး အရေအတွက်ကို အင်္ဂလိပ် စကားလုံးပေါင်း ၂၀၀၀ အထိ ကန့်သတ်ထားသည်။

# Yes

# မဲပေးရန် အကြောင်းပြချက်

**Yes** မဲပေးရန် အကြောင်းပြချက်ကို
စာမျက်နှာ **10** တွင် စတင်ဖော်ပြထားပြီး
တစ်မျက်နှာခြား၍ ဆက်လက်ဖော်ပြထားမည်ဖြစ်သည်။

## အဆိုပြု ဥပဒေမှာ

အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသားများ၏ သဘောထင်မြင်ချက်ဆိုင်ရာ အဖွဲ့အစည်း ကို တည်ထောင်ခြင်းအားဖြင့် ဩစတြေးလျား နိုင်ငံတော်၏ ရှေးဦးလူမျိုးများအဖြစ် အသိအမှတ်ပြုရေးအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲရန်ဖြစ်သည်။

## A proposed law:

To alter the Constitution to recognise the First Peoples of Australia by establishing an Aboriginal and Torres Strait Islander Voice.

**ငွင်းကို မည်သူက ရေးဆွဲသနည်း။**

**ဤလျှောက်လဲချက်ပါ အကြောင်းအရာ (aec.gov.au/referendums/pamphlet.htm တွင် ကြည့်ရှုနိုင်သည်) သည် အဆိုပြုဥပဒေကို ထောက်ခံမဲပေးကြကာ ယင်းကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုက တရားဝင် ခွင့်ပြုခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင်က ဤစာသားကို မပြင်ဆင်ဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။**





# No

# မဲပေးရန် အကြောင်းပြချက်

**No** မဲပေးရန် အကြောင်းပြချက်ကို
စာမျက်နှာ **11** တွင် စတင်ဖော်ပြထားပြီး
တစ်မျက်နှာခြား၍ ဆက်လက်ဖော်ပြထားမည်ဖြစ်သည်။

## အဆိုပြု ဥပဒေမှာ

အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသားများ၏ သဘောထင်မြင်ချက်ဆိုင်ရာ အဖွဲ့အစည်း ကို တည်ထောင်ခြင်းအားဖြင့် ဩစတြေးလျား နိုင်ငံတော်၏ ရှေးဦးလူမျိုးများအဖြစ် အသိအမှတ်ပြုရေးအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲရန်ဖြစ်သည်။

## A proposed law:

To alter the Constitution to recognise the First Peoples of Australia by establishing an Aboriginal and Torres Strait Islander Voice.

**ငွင်းကို မည်သူက ရေးဆွဲသနည်း။**

**ဤလျှောက်လဲချက်ပါ အကြောင်းအရာ (aec.gov.au/referendums/pamphlet.htm တွင် ကြည့်ပါ) သည် အဆိုပြုဥပဒေကို ကန့်ကွက်မဲပေးကြကာ ယင်းအရေးကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုက တရားဝင် ခွင့်ပြုခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင်က ဤစာသားကို မပြင်ဆင်ဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။**

# Yes မဲပေးရန် အကြောင်းပြချက်

## အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများနှင့် ဩစတြေးလျန်များအားလုံးတို့၏ ပိုမိုကောင်းမွန်သောအနာဂတ်အတွက် Yes မဲကို ထည့်ပါ။

## စည်းလုံးမှု၊ မျှော်လင့်ချက်နှင့် အပြုသဘောဆောင်သော ခြားနားချက်ဖြစ်စေရန်အတွက် Yes မဲကို ထည့်ပါ။

## YES မဲကို ထည့်ခြင်းသည် အောက်ပါတို့နှင့် ပတ်သက်သည်။

**အသိအမှတ်ပြုခြင်း**

- ကျွန်ုပ်တို့၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများအား **အသိအမှတ်ပြုခြင်း**နှင့် နှစ်ပေါင်း ၆၅၀၀၀ က ယဉ်ကျေးမှုနှင့် ရိုးရာများကို လေးစားခြင်း။

**နားထောင်ခြင်း**

- အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများ၏ ဘဝများအပေါ် အကျိုးသက်ရောက်မှုရှိသော ကိစ္စရပ်များ အကြောင်းနှင့် ပတ်သက်ပြီး ၎င်းတို့၏ အကြံပေးချက်များကို **နားထောင်ခြင်း**အားဖြင့်၊ အစိုးရများက ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်များကို ချနိုင်ကြမည်။

**ပို၍ကောင်းမွန်သော ရလဒ်များ**

- ဌာနေတိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်နှင့် အိမ်ရာကိစ္စများတွင် **လက်တွေ့ကျသော တိုးတက်မှုများ ဖြစ်စေခြင်း**အားဖြင့် ပြည်သူများ၏ဘဝကို ပိုမိုကောင်းမွန်စေမည်ဖြစ်သည်။

## ၎င်းမှာ သင်သာ လုပ်ပေးနိုင်သော အပြောင်းအလဲတစ်ခုဖြစ်သည်။

အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများ ကိုယ်တိုင်တို့ထံမှ တိုက်ရိုက်ပေါ်ထွက်လာခဲ့သော ကြံဆချက်ဖြစ်သည့် **Constitutional Recognition through a Voice (သဘောထင်မြင်ချက်ဟု ခေါ်တွင်မည့် အဖွဲ့အစည်းအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိအမှတ်ပြုမှု)** အတွက် Yes မဲကို ထည့်ပါ။

### Voice ဆိုသည်မှာ အဘယ်နည်း။

Voice (သဘောထားအမြင်ဟု ခေါ်တွင်မည့် အဖွဲ့အစည်း) သည် မိမိတို့၏ လူမှုအသိုင်းအဝိုင်းကို ထိခိုက်နေစေသော ပြဿနာရပ်များအတွက် လွှတ်တော်နှင့် အစိုးရကို အကြံဉာဏ်များပေးမည့် အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများ၏ ကော်မတီဖြစ်သည်။

၎င်းတွင် ပြည်နယ်တိုင်းနှင့် အုပ်ချုပ်ခံနယ်မြေတိုင်းမှလည်းကောင်း တောရက်စ်ရေလက်ကြား ကျွန်းစုများမှလည်းကောင်း ဌာနေတိုင်းရင်းသား ဩစတြေးလျန်များ၊ တိုင်းဒေသများနှင့် ဝေးလံခေါင်သီသော လူမှုအသိုင်းအဝိုင်းများမှ ကိုယ်စားလှယ်များ ပါဝင်ကြမည်ဖြစ်သည်။

Voice အဖွဲ့ဝင်များကို မိမိတို့၏ အရပ်ဒေသအတွင်းရှိ အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများက ရွေးချယ်မည်ဖြစ်ပြီး သတ်မှတ်ထားသော ကာလတစ်ခုအတွက် တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

## ကျွန်ုပ်တို့ မည်သည့်အတွက်ကြောင့် Voice ကို လိုအပ်သနည်း။

အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများ ရင်ဆိုင်နေရသော စိန်ခေါ်မှုများ ကြီးမားစွာ ရှိပါသည်။

- ဌာနေတိုင်းရင်းသားများ မဟုတ်သော ဩစတြေးလျန်များနှင့်စာလျှင် သက်တမ်း ၈ နှစ် ပိုတိုပါသည်။
- ရောဂါဖြစ်မှုနှုန်းနှင့် မွေးကင်းစ ကလေးများ၏ သေဆုံးမှုနှုန်းမှာ ပိုဆိုးသည်။
- မိမိကိုမိမိ သတ်သေနှုန်း နှစ်ဆ မြင့်မားသည်။
- ပညာရေးနှင့် လေ့ကျင့်ရေးများအတွက် အခွင့်အလမ်း နည်းပါးသည်။

လက်ရှိလုပ်ကိုင်နည်းလမ်းများ အလုပ်မဖြစ်နေသည်မှာ ရှင်းနေပါသည်။

Yes ကိစ္စ ရှေ့ဆက် 12

**၎င်းကို မည်သူက ရေးဆွဲသနည်း။**

**ဤလျှောက်လဲချက်ပါ အကြောင်းအရာ (aec.gov.au/referendums/pamphlet.htm တွင် ကြည့်ရှုနိုင်သည်) သည် အဆိုပြုဥပဒေကို ထောက်ခံမဲပေးကြကာ ယင်းကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုက တရားဝင် ခွင့်ပြုခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင်က ဤစာသားကို မပြင်ဆင်ဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။**



# No မဲပေးရန် အကြောင်းပြချက်

## NO မဲပေးရမည့် အကြောင်းရင်းများ၏ အနှစ်ချုပ်

ဤပြည်သူ့ဆန္ဒခံယူပွဲသည် "အသိအမှတ်ပြုမှု" နှင့် သက်သက်သာ ပတ်သက်မည်မဟုတ်ပါ။ ဤ Voice (သဘောထင်မြင်ချက်) အဆိုပြုချက်သည် အကျိုးသက်ရောက်မှု ပိုရှိလိမ့်မည်ဖြစ်သည်။

အကယ်၍ ၎င်းကို အတည်ပြုခဲ့ပါက ကျွန်ုပ်တို့၏ သမိုင်းတွင် အကြီးမားဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အပြောင်းအလဲဖြစ်ပါလိမ့်မည်။

၎င်းတွင် မသိနိုင်သော အကျိုးဆက်များနှင့်အတူ တရားဥပဒေအရ အန္တရာယ်ရှိပြီး လူများအား စိတ်ဝမ်းကွဲစေပြီး အမြဲတမ်းရှိနေ လိမ့်မည်။

**သင် မသိ၊ နားမလည်လျှင် no မဲ ပေးပါ။**

## အန္တရာယ်ရှိသည်

ကျွန်ုပ်တို့အားလုံးသည် ငွေကြေးအရ သို့မဟုတ် လူမှုရေးအရ အများတန်းတူ အခွင့်အရေးမရခဲ့သော လူမှုအသိုင်းအဝိုင်းများရှိ ဌာနေတိုင်းရင်းသား ဩစတြေးလျန်များအား ကူညီပေးလိုပါသည်၊ သို့သော်လည်း ဤ Voice သည် အဖြေမဟုတ်သလို ကျွန်ုပ်တို့၏ အစိုးရစနစ်အတွက် အမှန်တကယ် အန္တရာယ်ဖြစ်စေနိုင်ပါသည်။

ဤ Voice သည် "အမှုဆောင်အစိုးရ" ၏ နယ်ပယ်အဝန်း အားလုံးအပေါ်သို့လည်း ထူးခြားစွာ အကျိုးသက်ရောက်မှု ရှိလိမ့်မည်ဖြစ်သည်။ ဆိုလိုသည်မှာ မည်သည့်ကိစ္စရပ်မျှမဆို ၎င်း၏ ဩဇာအရှိန်အဝါကို လွန်ဆန်နိုင်မည် မဟုတ်ပါ။

၎င်း၏ အာဏာများကို လွှတ်တော်က မဟုတ်ဘဲ အဆုံးတွင် တရားရုံးချုပ်က ဆုံးဖြတ်မည်ဖြစ်သည်။

၎င်းတွင် တရားရေးဆိုင်ရာ အယူခံဝင်မှုများ၊ နှောင့်နှေးကြန့်ကြာမှုများ၊ အစိုးရကို ကမောက်ကမဖြစ်စေမည့် အန္တရာယ်ရှိခြင်းတို့ဖြစ်စေနိုင်သည်။

## မသိနိုင်ခြင်း

Voice ၏အဖွဲ့ဝင်များအား မည်ကဲ့သို့ရွေးချယ်မည် သို့မဟုတ် မည်ကဲ့သို့ အလုပ်လုပ်မည်ကို အသေးစိတ်ဖော်ပြထားခြင်းမရှိပါ။ ဤအသေးစိတ် အချက်အလက်များကို ထုတ်ဖော် မသတ်မှတ်မီ ဩစတြေးလျန်များအား ဦးစွာ မဲပေးရန် တောင်းဆိုနေသည်။

**ဩစတြေးလျန်များသည် မဲမပေးမီ ကြိုတင်၍ အသေးစိတ်အချက်အလက်များကို သိသင့်သည်။**

၎င်းက မည်ကဲ့သို့ အလုပ်လုပ်မည်၊ ၎င်းတွင် မည်သူတို့ ပါဝင်ကြမည်ကို ကျွန်ုပ်တို့ မသိသော်လည်း ၎င်းသည် ကျွန်ုပ်တို့အား ဩစတြေးလျန်များ အဖြစ် အပြီးအပိုင် စိတ်ဝမ်းကွဲစေမည်ကိုတော့ ကျွန်ုပ်တို့ သိပါသည်။

Voice ကို ထောက်ခံသူအချို့က ဤ Voice သည် အလျော်ပေးမှုများ၊ လျော်ကြေးငွေပေးခြင်းများနှင့် အခြားသော အစွန်းရောက်ပြောင်းလဲမှုများ အတွက်သာ ပထမခြေလှမ်းဖြစ်လိမ့်မည်ဟု ထုတ်ဖော်ပြောကြပါသည်။ ဤသို့ဖြစ်က ရှေ့ဆက်ဘာဖြစ်လာမည်နည်း။

## စိတ်ဝမ်းကွဲစေနိုင်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဩစတြေးလျန် လူမျိုးတစ်စုအတွက်သာ Voice ကို အမြတ်တနိုး တန်ဖိုးထား ထည့်သွင်းပြဋ္ဌာန်းခြင်းသည် ကျွန်ုပ်တို့နိုင်ငံကို အမြဲတမ်းအတွက် စိတ်ဝမ်းကွဲစေခြင်းမည်သည်။

၎င်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ကို ကျောထောက်နောက်ခံပြု၍ အင်အားအပြည့်အဝရှိသော အမည်မသိ လူမှုအဖွဲ့အစည်းတစ်ခုအဖြစ် နိုင်ငံသား လူတန်းစားမျိုးစုံကို ဖန်တီးပေးရာရောက်သည်။ ဌာနေတိုင်းရင်းသား ဩစတြေးလျန် များစွာက ဤကိစ္စကို မထောက်ခံပါ။

## အမြဲတမ်းအတွက်ဖြစ်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် Voice ကို ထည့်သွင်းခြင်းသည် အမြဲတမ်းအတွက်ဖြစ်သွားမည်ကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မကောင်းသော အကျိုးဆက်များနှင့် ပိတ်မိနေကြလိမ့်မည်။

No ကိစ္စ ရှေ့ဆက် 13

**၎င်းကို မည်သူက ရေးဆွဲသနည်း။**

**ဤလျှောက်လဲချက်ပါ အကြောင်းအရာ (aec.gov.au/referendums/pamphlet.htm တွင် ကြည့်ပါ) သည် အဆိုပြုဥပဒေကို ကန့်ကွက်မဲပေးကြကာ ယင်းအရေးကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုက တရားဝင် ခွင့်ပြုခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင်က ဤစာသားကို မပြင်ဆင်ဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။**

# Yes မဲပေးရန် အကြောင်းပြချက်

ဤကွာဟချက်များကို ပိတ်ရန်၊ ဖြေရှင်းနည်းများကို ရှာရန်နှင့် အနာဂတ်အတွက် အစီအစဉ်ဆွဲရန် ကျွန်ုပ်တို့သည် အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများ၏ ဘဝနှင့် လူမှုအသိုင်းအဝိုင်းကို ထိခိုက်နေစေသော ပြဿနာရပ်များနှင့် စပ်လျဉ်းသည့် အကြံပေးချက်များကို ၎င်းတို့ထံမှ နားထောင်ရန် လိုအပ်ပါသည်။

## Voice က မည်ကဲ့သို့ အလုပ်လုပ်မည်နည်း။

**Voice သည် ဖော်ပြပါ အကြံပေးခြင်းနှင့် ပတ်သက်သည်။**

အစိုးရများသည် ပြည်သူများအား ထိခိုက်စေသော ပြဿနာများအကြောင်းကို ပြည်သူများထံမှ နားထောင်သောအခါ၊ အစိုးရက

- ပိုကောင်းသော ဆုံးဖြတ်ချက်များကို ချကြသည်။
- ပိုကောင်းသော ရလဒ်များကို ရကြသည်။
- အသုံးပြုသောငွေကို လိုအပ်ချက်များအတွက် ပိုအကျိုးရှိစွာ ဖြည့်ဆည်းပေးသည်။

Voice သည် မွေးကင်းစကလေးငယ်များ၏ ကျန်းမာရေး ကောင်းမွန်လာစေရန်မှအစ၊ ဝေးလံခေါင်သီသော အရပ်ဒေသများတွင် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေရန်အဆုံး၊ အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများ ရင်ဆိုင်နေရသည့် အဓိက ပြဿနာများအတွက် အကြံဉာဏ်များပေးမည်ဖြစ်သည်။

လွှတ်တော်နှင့် အစိုးရသည် ဥပဒေများ၊ အစီအစဉ်များနှင့် ရန်ပုံငွေ ၎င်းတို့အားလုံးအတွက် တာဝန်ရှိမြဲရှိနေမည်။

**အနောက်ဩစတြေးလျား အထက်လွှတ်တော်အမတ်ဖြစ်သည့်အပြင် Yawuru (ယာဝုရူ မျိုးနွယ်ဝင်) ဝါရင့်သက်ကြီး Patrick Dodson (ပက်ထရစ်ကဲ ဒေါ့ဒ်ဆန်) က အောက်ပါကဲ့သို့ ပြောကြားခဲ့ပါသည်။**

*"အောက်ခြေကလူတွေကို နားထောင်ပြီး သူတို့နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်တဲ့အခါမှာ ပိုမိုကောင်းမွန်တဲ့ ဥပဒေတွေနဲ့ မူဝါဒတွေကို ချမှတ်နိုင်ပါတယ်။ Voice ရဲ့ အကြံပေးချက်တွေက ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်တွေ၊ လမ်းညွှန်မှုတွေကို ပိုမိုအဓိပ္ပာယ်ရှိစေပြီး ပိုမိုအောင်မြင်စေမှာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသိအမှတ်ပြုခြင်းက ကျွန်တော်တို့ နိုင်ငံတော်ကို ကုစားပေးမှာ ဖြစ်ပါတယ်။"*

## VOICE ၏ အဓိကအချက်အလက်များ

- ဤအကြံအစည်ကို အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများက ဖော်ထုတ်ခဲ့သည်။
- ကျွန်ုပ်တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် First Peoples (ရှေးဦးလူမျိုးများ) အား အသိအမှတ်ပြုသည်။
- အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများနှင့် ဖွဲ့စည်းထားသော ကော်မတီဖြစ်သည်။
- မိမိတို့အား ထိခိုက်နေစေသော ပြဿနာများအပေါ် လူများအား ပြောရေးဆိုခွင့်ပေးသည်။
- နားထောင်ခြင်းအားဖြင့် ပိုမိုကောင်းမွန်သောရလဒ်များကို ရရှိစေမည်ကို ဆိုလိုခြင်းဖြစ်ပြီး အသုံးပြုသောငွေကို လိုအပ်ချက်များအတွက် ပိုအကျိုးရှိစွာ ဖြည့်ဆည်းပေးသည်။
- ပြည်နယ်အားလုံးနှင့် နယ်မြေအားလုံးတို့မှ ကိုယ်စားလှယ်များ၊ တောရက်စ် ရေလက်ကြား ကျွန်းများနှင့် ဝေးလံခေါင်သီသော အသိုင်းအဝိုင်းများမှ ကိုယ်စားလှယ်များ ပါဝင်ကြမည်ဖြစ်သည်။
- လူငယ်များနှင့် အမျိုးသားနှင့် အမျိုးသမီး မျှမျှတတ ပါဝင်ကြမည်ဖြစ်သည်။
- လွှတ်တော်နှင့် အစိုးရသည် ဥပဒေများ၊ အစီအစဉ်များနှင့် ရန်ပုံငွေ၊ ၎င်းတို့အားလုံးအတွက် တာဝန်ရှိမြဲရှိနေမည်။

## YES မဲပေးရန် နောက်ထပ် အကြောင်းပြချက် ၈ ခုကို ဆက်ဖတ်ပါ။

Yes ကိစ္စ ရှေ့ဆက် 14



# No မဲပေးရန် အကြောင်းပြချက်

## NO မဲ ပေးရန် အကြောင်းရင်း ဆယ်ခု

### ၁။ ဤ VOICE သည် ဥပဒေအရ အန္တရာယ်ရှိသည်။

ဩစတြေးလျား ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကျွန်ုပ်တို့၏ အရေးကြီးဆုံး ဥပဒေစာတမ်းဖြစ်သည်။ စကားလုံးတိုင်းကို မိမိတို့ အလိုကျ အဓိပ္ပါယ်ကောက်နိုင်သည်။

ဩစတြေးလျား ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ၁၉၇၇ ခုနှစ်ကတည်းက မပြောင်းလဲခဲ့ပေ။ **၎င်းသည် ဩစတြေးလျားသမိုင်းတွင် ကျွန်ုပ်တို့၏ ဒီမိုကရေစီအတွက် အကြီးမားဆုံးသော ပြောင်းလဲမှုဖြစ်လိမ့်မည်ဖြစ်သည်။**

၎င်းမှာ မသိရသော အခြေအနေသို့ ခုန်လွှားဝင်ခြင်းမည်၏။ ဤ Voice ၏ လမ်းကြောင်းကို တစ်သေတစ်ချာ မစမ်းသပ်ခဲ့ရသေးပါ။ ဤကဲ့သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နှိုင်းယှဉ်ကြည့်နိုင်ရာ မျိုးတူကို ကမ္ဘာပေါ်တွင် မည်သည့်နေရာတွင်မျှ တွေ့ရမည် မဟုတ်ပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် Voice ကို ထည့်သွင်းခြင်းဆိုသည်မှာ တရားရုံးချုပ်မှ တရားဥပဒေအရ စိန်ခေါ်နိုင်၍ မိမိတို့ အလိုကျ အဓိပ္ပါယ်ကောက်နိုင်သည်။

ဥပဒေပညာရှင်များက သဘောမတူသလို၊ တရားရုံးချုပ်က ထိုကဲ့သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲပြင်ဆင်မှုကို အဓိပ္ပါယ်ကောက်မည့်ပုံကို အသေအချာ မသိနိုင်ပေ။

**"ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ အုပ်ချုပ်ရေး ဥပဒေဆိုင်ရာ တရားစွဲဆိုမှုတွေကို ဆယ်စုနှစ်တစ်ခု ဒါမှမဟုတ် ဒီ့ထက်ပိုကြာရှည်နိုင်မှာကို ကြိုမြင်ပါတယ်..."**

*(AC နှင့် KC ဂုဏ်ထူးဆောင်ဘွဲ့ရ၊ တရားရုံးချုပ်ကြီး တရားသူကြီးချုပ်ဟောင်း Ian Callinan (အီယန် ကယ်လီနန်) ၏အဆို။)*[1]

၎င်းသည် ရှုပ်ထွေးပွေလီခက်ခဲသော ပြဿနာများကို ဥပဒေနှင့်အညီ ပေါ်ပေါက်စေလိမ့်မည်ဖြစ်သည်။

### ၂။ အသေးစိတ်အချက်အလက်များကို ဖော်ပြမထားပါ။

ဤကိစ္စအတွက် ဆုံးဖြတ်ချက်သည် အရေးကြီးလှပါသည်။ သို့သော် **အစိုးရက အဓိက အသေးစိတ်အချက်အလက်များကို မဲမပေးမီ ထုတ်ပြန်လိမ့်မည်မဟုတ်**။

အားနည်းချက်ရှိသော လူမှုအသိုင်းအဝိုင်းများကို မည်ကဲ့သို့ ထောက်ကူပေးမည်ဖြစ်ပြီး ကွာဟချက်များကို မရှိစေရန် ကူညီပေးမည်ကို ကျွန်ုပ်တို့ မသိပါ။

ဤ Voice တွင် အဖွဲ့ဝင်ပေါင်း မည်မျှရှိမည်ကို ကျွန်ုပ်တို့ မသိပါ။

ထိုသူတို့ ရွေးကောက်ခံရမည်လား၊ ရွေးမလား၊ သို့မဟုတ် မည်ကဲ့သို့ ဖြစ်လာမည်ကို ကျွန်ုပ်တို့ မသိပါ။

ကိုယ်စားပြုမည့်ပုံ သို့မဟုတ် တာဝန်ခံယူခိုင်းမည့်ပုံကို ကျွန်ုပ်တို့ မသိပါ။

| |
|---|
| ဩစတြေးလျန်များ မဲပေးပြီးမှသာ ဤအသေးစိတ်အချက်အလက်များကို ဖော်ထုတ်လုပ်ဆောင်မည်ဖြစ်သည်။ |

Yes မဲဆွယ်ဆော်ဩမှုအရ၊ မဲမပေးမီ အသေးစိတ်အချက်များ ရှိနေရန်မှာ *"အဓိပ္ပာယ် မရှိပါ"* ဟုဆိုထားသည်။

"ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြောင်းလဲရန် ဩစတြေးလျား ပြည်သူပြည်သားများ၏ ထောက်ခံမှု မရမချင်း ဤအသေးစိတ် တိုင်ပင်ဆွေးနွေးမှုကို လုပ်ရန် အဓိပ္ပာယ်မရှိပါ။"

(*Yes23 လက်ကမ်းစာစောင်အဆို။*)

ဤလုပ်ပုံက လမ်းမှားနေပါသည်။

1 ၁၇/၁၂/၂၀၂၂ နေ့စွဲပါ The Australian (ဩစတြေးလျန်) သတင်းစာ

No ကိစ္စ ရှေ့ဆက် 15

# ၁။ ဤကြံဆချက်သည် အဘော်ရိဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများမှ တိုက်ရိုက်ပေါ်ထွက်လာခြင်းဖြစ်ပါသည်။

YES မဲပေးခြင်း၏ အဓိပ္ပာယ်မှာ၊

- ဆယ်စုနှစ်ပေါင်းများစွာအတွင်း အဘော်ရိဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများက ရှေ့တန်းတင်ခဲ့သည့် ၎င်းတို့၏ ပြင်းပြသောဆန္ဒကို ထောက်ခံအားပေးခြင်းနှင့်
- အဘော်ရိဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများ၏ ၈၀% ကျော်က ထောက်ခံထားသော အဆိုပြုချက်ကို လက်ခံခြင်းဖြစ်သည်။

**Voice အဖွဲ့အစည်းကို တောင်းဆိုခြင်းက နိုင်ငံရေးသမားများ၏လုပ်ရပ် မဟုတ်ပါ။**

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော လုပ်ရပ်များနှင့် နိုင်ငံတစ်ဝန်းတွင် မရေမတွက်နိုင်သော ဆွေးနွေးတိုင်ပင်မှုများကို လုပ်ဆောင်ခဲ့ပြီးနောက်၊ ၂၀၁၇ ခုနှစ်တွင်၊ အဘော်ရိဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား ခေါင်းဆောင်များနှင့် ဝါရင့်သက်ကြီး ပေါင်း ၂၅၀ နီးပါးသည် *Uluru Statement from the Heart (နှလုံးသားထဲမှ အူလူရူ ကြေညာချက်)* ကို အတည်ပြုထောက်ခံခဲ့ကြသည်။

Voice အဖွဲ့အစည်းအရ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသိအမှတ်ပြုရန် တောင်းဆိုခြင်း။

မိမိတို့၏ဘဝများကို လက်တွေ့ကျကျ ပြောင်းလဲမှုများကို စွမ်းဆောင်နိုင်ရန်နှင့် မိမိတို့၏ ကလေးများအတွက် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရန် ကျွန်ုပ်တို့အား ကူညီဖို့ တောင်းဆိုနေခြင်းဖြစ်ပါသည်။

| |
|---|
| အလွှာပေါင်းစုံ၊ ဘာသာတရားပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ နိုင်ငံရေးအဖွဲ့အစည်း ဘက်ပေါင်းစုံတို့မှ ဩစတြေးလျန်များက ဤအဆိုပြုချက်ကို ထောက်ခံအားပေးခဲ့ကြသည်။ |

ကျွန်ုပ်တို့ ၎င်းကို ယခု လက်တွေ့အမှန်တကယ်ဖြစ်အောင် လုပ်နိုင်ပါပြီ။

Yes မဲပေးခြင်းသည် ဩစတြေးလျန်များအား စည်းလုံးညီညွတ်စေမည့် စည်းလုံးမှုဆိုင်ရာ လုပ်ရပ်တစ်ခုဖြစ်သည်။

# ၂။ ခိုင်မာသော ရလဒ်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသိအမှတ်ပြုခံရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသိအမှတ်ပြုခြင်းသည် လက်တွေ့ကျသော ပြောင်းလဲမှုကို တွန်းအားပေးလိမ့်မည့် အားမာန်သန်သော ထုတ်ပြန်ချက်တစ်ရပ်ဖြစ်သည်။

**Yes မဲပေးခြင်း၏ အဓိပ္ပာယ်မှာ၊**

- အဘော်ရိဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများအား ဩစတြေးလျားနိုင်ငံ၏ ရှေးဦးလူမျိုးများအဖြစ် အသိအမှတ်ပြုခြင်း။
- နှစ်ပေါင်း ၆၅၀၀၀ သမိုင်းကို ချီးကျူးဂုဏ်ပြုခြင်းနှင့် အတူမျှဝေကြခြင်း။
- ဩစတြေးလျားနိုင်ငံ၏ စည်းလုံးညီညွတ်မှုနှင့် ပတ်သက်၍ ကမ္ဘာသို့ အားကောင်းသော သတင်းစကား ပေးပို့ခြင်း။
- အနာဂတ်အတွက် လက်တွေ့ကျသော ပြောင်းလဲခြားနားချက်ကို ဖန်တီးခြင်း။

အဘော်ရိဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများ၏ မျိုးဆက်များသည် ၎င်းတို့၏ ယဉ်ကျေးမှုနှင့် တီထွင်ဖန်တီးမှု၊ ကုန်းမြေနှင့် ရေကြောင်းဆိုင်ရာ အသိပညာများ၊ ဩစတြေးလျား လူနေမှုဘဝကို ပံ့ပိုးကူညီပေးခဲ့မှုများဖြင့် ကျွန်ုပ်တို့၏နိုင်ငံကို ကြွယ်ဝစေခဲ့ပါသည်။

ကျွန်ုပ်တို့၏ ရှေးဟောင်းတိုက်ကြီးသည် ကမ္ဘာ့ရှေးအကျဆုံး ရှင်သန်နေဆဲ ယဉ်ကျေးမှုများ၏ ဘူမိနက်သန်ဖြစ်သည်။ ၎င်းကို ကျွန်ုပ်တို့၏ဖွဲ့ စည်းပုံအခြေခံဥပဒေတွင် အသိအမှတ်ပြုခြင်းက ကျွန်ုပ်တို့ အတူမျှဝေထားသောသမိုင်းကြောင်းကို ချီးကျူးဂုဏ်ပြုရန် စိတ်အားတက်ကြွစေသော နည်းလမ်းတစ်ခုဖြစ်သည်။

Yes ကိစ္စ ရှေ့ဆက် 16

**၎င်းကို မည်သူက ရေးဆွဲသနည်း။** **ဤလျှောက်လဲချက်ပါ အကြောင်းအရာ (aec.gov.au/referendums/pamphlet.htm တွင် ကြည့်ရှုနိုင်သည်) သည် အဆိုပြုဥပဒေကို ထောက်ခံမဲပေးကြကာ ယင်းကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုက တရားဝင် ခွင့်ပြုခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင်က ဤစာသားကို မပြင်ဆင်ဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။**





အိမ်ကို ပထမ မစစ်ဆေးဘဲ သို့မဟုတ် ကားကို စမ်းသပ်မမောင်းနှင်ဘဲ ၎င်းကို သင်ဝယ်မည် မဟုတ်ပါ။

သို့ပါလျက် အသေးစိတ်အချက်များကို မသိရဘဲ ကျွန်ုပ်တို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြောင်းလဲရန် မဲပေးဖို့ တောင်းဆိုခံနေရပါသည်။

ဩစတြေးလျန်များအား ဗလာ ချက်လက်မှတ်ကို လက်မှတ်ထိုးခိုင်းသလို မထိုးခိုင်းသင့်ပါ။

> "အသေးစိတ် အချက်အလက်တွေကို မသိရတဲ့ အရာတစ်ခုခုကို ကျွန်မတို့ ဩစတြေးလျန်တွေက ဘယ်လိုလုပ် သဘောတူနိုင်ကြမှာလဲ"
>
> *(Arrernte (အရန်တေး) တိုင်းရင်းသူဖြစ်ပြီး ကလေးသူငယ် ကာကွယ်ရေးနှင့် မိသားစုအကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ အတိုက်အခံ နိုင်ငံရေးအဖွဲ့ ဝန်ကြီးဖြစ်သူ အထက်လွှတ်တော်အမတ် Kerrynne Liddle (ကယ်ရင်းန် လစ်ဒယ်) ၏အဆို။)*

# ၃။ ၎င်းက ကျွန်ုပ်တို့အား စိတ်ဝမ်းကွဲစေသည်။

| |
|---|
| ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဩစတြေးလျန် လူမျိုးတစ်စု၏ အဖွဲ့အစည်းကိုသာ အမြဲတမ်း တန်ဖိုးထား ထည့်သွင်းပြဋ္ဌာန်းခြင်းသည် ဩစတြေးလျန်များအား အမြဲတမ်းအတွက် စိတ်ဝမ်းကွဲစေခြင်းမည်သည်။ ဌာနေတိုင်းရင်းသား ဩစတြေးလျန် များစွာက ဤကိစ္စကို မထောက်ခံပါ။ |

> **"ဒီ Voice က ကျွန်မတို့ကို စည်းလုံးညီညွတ်စေမှာ မဟုတ်ဘူး၊ အဲ့ဒါက ကျွန်မတို့ကို လူမျိုးအလိုက် စိတ်ဝမ်းကွဲစေပစ်ပါလိမ့်မယ်။"**
>
> *(Warlpiri (ဝါလ်ပီရီ) တိုင်းရင်းသူဖြစ်ပြီး ဌာနေတိုင်ရင်းသား ဩစတြေးလျန်များဆိုင်ရာ အတိုက်အခံ နိုင်ငံရေးအဖွဲ့ ဝန်ကြီးဖြစ်သူ အထက်လွှတ်တော်အမတ် Jacinta Nampijinpa Price (ဂျဆင်တာ နမ်ပီဂျင်ပါ ပရိုက်စ်) ၏ အဆို။)*

ဤအချက်သည် ဩစတြေးလျန်များအားလုံး ဥပဒေအရ တန်းတူညီတူဖြစ်သည်ဟု သတ်မှတ်ထားသော ကျွန်ုပ်တို့၏ ဒီမိုကရေစီစနစ်၏ အဓိကမူ တစ်ရပ်ကို ဆန့်ကျင်နေမည်ဖြစ်သည်။

> "အဆိုပြုထားတဲ့ s 129 ကို ထည့်သွင်းခြင်းက ကျွန်တော်တို့တွေ ဒါမှမဟုတ် ကျွန်တော်တို့ရဲ့ ဘိုးဘွားစဉ်ဆက်က ဒီနိုင်ငံကို ပထမဆုံး ရောက်လာတဲ့အခါနဲ့ ဘာမှမဆိုင်တော့ဘဲ ကျွန်တော်တို့တွေ တန်းတူညီတူမဟုတ်တော့တဲ့ နိုင်ငံအဖြစ် ကျရောက်သွားမယ့်အဓိပ္ပာယ် သက်ရောက်သွားပါလိမ့်မယ်။"
>
> *(AM နှင့် KC ဂုဏ်ထူးဆောင်ဘွဲ့ရ၊ နိုင်ငံတော်တရားရုံး တရားသူကြီးဟောင်း David Jackson (ဒေးဗစ်ဒ် ဂျက်ကဆန်) ၏အဆို။)*[2]

ကျွန်ုပ်တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဩစတြေးလျန်များအားလုံးနှင့် သက်ဆိုင်ပါသည်။ ကျွန်ုပ်တို့၏လွှတ်တော်သည် ဩစတြေးလျန်များ အားလုံးကို ကိုယ်စားပြုရန် တည်ရှိနေပါသည်။ ယခုအခါ လွှတ်တော်တွင် ဌာနေတိုင်ရင်းသား ကိုယ်စားလှယ် ၁၁ ဦးနှင့် အထက်လွှတ်တော်အမတ်များ စံချိန်တင် ပါဝင်နေကြသည်။

ကျွန်ုပ်တို့သည် "တစ်စုတည်းဖြစ်ပြီး လွတ်လပ်ကြသည်" ဟူသောအချက်ကို ထင်ဟပ်စေရန် ကျွန်ုပ်တို့၏ နိုင်ငံတော်သီချင်းကို မကြာသေးမီက ပြောင်းလဲခဲ့သည်။

**ဤ Voice သည် အထက်ပါအချက်ကို ဆန့်ကျင်၍၊ ဩစတြေးလျန်များအား ဥပဒေပိုင်းအရကော၊ စိတ်ဓာတ်ပိုင်းအရပါ အပြီးအပိုင် စိတ်ဝမ်းကွဲစေပါလိမ့်မည်။**

> "ကျွန်တော်တို့အားလုံး ဩစတြေးလျန်တွေဖြစ်ပြီး ဒီပုံနဲ့ပဲ ဆုံးခန်းတိုင်သင့်ပါတယ်။ ဒီနိုင်ငံကို အလယ်ဗဟိုကနေ ပိုင်းခြားပစ်လိမ့်မယ့် ဒီ Voice လို့ ခေါ်တွင်တဲ့အရာက ကျွန်တော်တို့ကို မပိုင်းခြားသင့်ပါဘူး။"
>
> *(Central Arrernte (အရန်တေး အလယ်ပိုင်း) အကြီးတန်း အုပ်ထိန်းသူ Ian Conway (အီယန် ကော်န်ဝေး) ၏အဆို။)*

2 ၁၁/၀၄/၂၀၂၃ နေ့စွဲပါ လွှတ်တော်စုံစမ်းရေးကော်မရှင်၏ တင်သွင်းချက်

No ကိစ္စ ရှေ့ဆက် 17

**၎င်းကို မည်သူက ရေးဆွဲသနည်း။** **ဤလျှောက်လဲချက်ပါ အကြောင်းအရာ (aec.gov.au/referendums/pamphlet.htm တွင် ကြည့်ပါ) သည် အဆိုပြုဥပဒေကို ကန့်ကွက်မဲပေးကြကာ ယင်းအရေးကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုက တရားဝင် ခွင့်ပြုခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင်က ဤစာသားကို မပြင်ဆင်ဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။**

Yes မဲပေးခြင်းက စစ်မှန်သောရလဒ်များကို ဖြည့်ဆည်းပေးမည့် ပြန်လည်သင့်မြတ်ရေးဆိုင်ရာ လုပ်ရပ်တစ်ခုဖြစ်သည်။

ဌာနေတိုင်းရင်းသား ဩစတြေးလျန်များက ကျွန်ုပ်တို့အား ပံပိုးထောက်ခံရန် တောင်းဆိုနေသည့် အသိအမှတ်ပြုခံရရေးပုံစံမှာ Voice အဖွဲ့အစည်း အရဖြစ်သည်။ ၎င်းမှာ လက်တွေ့ကျသော အပြောင်းအလဲအတွက် လမ်းကြောင်းတစ်ခုဖြစ်သည်။

**Gunggari (ဂွန်ဂါရီ) တိုင်းရင်းသားဖြစ်သော NRL ချန်ပီယံနှင့် နည်းပြ၊ Johnathan Thurston (ဂျော်နသန် သပ်စ်တန်) က အောက်ပါ အတိုင်း ပြောကြားပါသည်။**

*"ကျွန်တော်တို့ရဲ့ လူငယ်တွေဟာ သူတို့ရဲ့ အကောင်းဆုံးပုံစံဖြစ်လာဖို့ အခွင့်အရေးနဲ့ ထိုက်တန်ပါတယ်။ ကျွန်တော်ဟာ ကွင်းစလန်ပြည်နယ်ရှိ Yarrabah (ယာရဘား) လူမှုအသိုင်းအဝန်းက ကျောင်းသူကျောင်းသားလေးတွေနဲ့ နီးကပ်စွာ အလုပ်လုပ်ပါတယ်။ သူတို့တွေ ရင်ဆိုင်နေကြရတဲ့ အတားအဆီးတွေကို တွေ့မြင်ဖူးပါတယ်။ ဒါကို သူတို့ရဲ့ လူမှုအသိုင်းအဝိုင်းထက် ဘယ်သူမှ ပိုနားမလည်နိုင်ပါဘူး။ သူတို့ကို ပြောရေးဆိုခွင့် ပေးခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ ကလေးတွေဟာ သူတို့ရဲ့ စွမ်းရည်ကို ပိုမိုလက်လှမ်းမီ ရယူနိုင်လိမ့်မှာဖြစ်ပါတယ်။ အဲ့ဒါက Voice ရဲ့ အကြောင်းပါဘဲ။"*

## ၃။ လူများ ပိုမိုကောင်းမွန်သော ဘဝကို ပိုင်ဆိုင်နိုင်ကြရန် သေချာစေမည်။

Voice သည် အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများအတွက် အောက်ပါကိစ္စရပ်များတွင် စစ်မှန်သော တိုးတက်မှုများကို ဖြည့်ဆည်းပေးမည့် လမ်းကြောင်းတစ်ခုဖြစ်မည်။

- သက်တမ်းရှည်မှု။
- မွေးကင်းစကလေး သေဆုံးမှုနှင့် ကျန်းမာရေး။
- ပညာရေးနှင့် အလုပ်အကိုင်။

ရည်ရွယ်ချက်ကောင်းရှိသော အစိုးရများသည် ဤပြဿနာများကို ကြိုးပမ်းဖြေရှင်းရာတွင် အချိန်ကြာမြင့်ခဲ့စွာ ဘီလီယံနှင့်ချီ၍ ငွေသုံးစွဲခဲ့ပါသည်။

သို့သော် သူတို့သည် အောက်ခြေလူများအား နားမထောင်ခဲ့သောကြောင့် တာရှည်ခံသော တိုးတက်မှုများကို အောင်မြင်စွာ မရရှိခဲ့ပေ။

လက်ရှိ ကိုင်တွယ်ဖြေရှင်းနည်းမှာ ပျက်စီးနေပြီး ၎င်းကို ပြင်ဆင်ရန် Voice က ကျွန်ုပ်တို့အတွက် အကောင်းဆုံးအခွင့်အရေးဖြစ်သည်။

Voice သည် ကိစ္စအလုံးစုံကို ချက်ချင်းဖြေရှင်းပေးနိုင်မည်ဟု မည်သူကမျှ မထင်သော်လည်း နောက်ဆုံးတွင် မှန်ကန်သော ကိုင်တွယ်ဖြေရှင်းနည်းကို ကျွန်ုပ်တို့ရရှိမည်ဖြစ်သည်။

**အောက်ပါတို့မှာ ဌာနေတိုင်းရင်းသားများအား နားထောင်ခြင်းအားဖြင့် ပိုမိုကောင်းမွန်သော ရလဒ်များကို ပေးစွမ်းနိုင်ခဲ့သော ဥပမာသုံးခုဖြစ်သည်။**

**ဩစတြေးလျားနိုင်ငံ တိုးတက်လာရန် VOICE အဖွဲ့အစည်းဖြင့် ရယူနိုင်မည့်ပုံကို စိတ်ကူးကြည့်ပါ။**

### နားထောင်ခြင်းက အလုပ်ဖြစ်သည်။ ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေမည်

လူမှုအသိုင်းအဝိုင်းက ထိန်းချုပ်ထားသော အဘော်ရီဂျင်နယ်များအတွက် ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများက ဒေသခံ ဌာနေတိုင်းရင်းသား လူမျိုးများအား အလုပ်ခန့်မည်။

၎င်းတို့က ဆေးခန်းများကို စီမံအုပ်ချုပ်ကြပြီး ဝေးလံခေါင်သီသော ဒေသများသို့ သွားရောက်ကြကာ ကလေးများအား ကာကွယ်ဆေးထိုးပေးခြင်း ကဲ့သို့ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများကို ပေးဆောင်ကြမည်။

အရှေ့တောင် ကွင်းစလန်တွင်၊ ဒေသခံ အဘော်ရီဂျင်နယ်များအတွက် ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းနှင့် လူမှုအသိုင်းအဝိုင်းတို့သည် ၁၀ နှစ်ကျော် ကာလအတွင်း နှစ်စဉ် ကျန်းမာရေးစစ်ဆေးမှုပေါင်း ၅၅၀ မှ ၂၀၀၀၀ အထိ အလွန်များစွာ တိုးပွားလာစေရန် လက်တွဲလုပ်ဆောင်ခဲ့ကြသည်။

Yes ကိစ္စ ရှေ့ဆက် 18

**၎င်းကို မည်သူက ရေးဆွဲသနည်း။**

**ဤလျှောက်လဲချက်ပါ အကြောင်းအရာ (aec.gov.au/referendums/pamphlet.htm တွင် ကြည့်ရှုနိုင်သည်) သည် အဆိုပြုဥပဒေကို ထောက်ခံမဲပေးကြကာ ယင်းကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုက တရားဝင် ခွင့်ပြုခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင်က ဤစာသားကို မပြင်ဆင်ဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။**





## ၄။ ၎င်းသည် ဌာနေတိုင်းရင်းသား ဩစတြေးလျန်များအား အထောက်အကူပြုပေးမည် မဟုတ်ပါ

ကျွန်ုပ်တို့အားလုံးသည် အားနည်းချက်ရှိသော လူမှုအသိုင်းအဝိုင်းများရှိ ဌာနေတိုင်းရင်းသား ဩစတြေးလျန်များအား ကူညီပေးလိုပါသည်၊ ကွာဟချက်များကို စေ့ပေးကာ ပြန်လည်သင့်မြတ်ရေးကို အောင်မြင်စေလိုပါသည်။

**သို့သော် ဗျူရိုကရေစီ အုပ်ချုပ်မှုစနစ်များကို ပိုတိုးစေခြင်းက ဖြေရှင်းနည်းမဟုတ်ပါ။**

လက်ရှိတွင် အစိုးရအဆင့်တိုင်း၌ ဝန်ထမ်းပေါင်း ၁၄၀၀ ရှိသည့် National Indigenous Australians Agency (နိုင်ငံတော် ဌာနေတိုင်းရင်းသား ဩစတြေးလျန် အဖွဲ့အစည်း)နှင့်အတူ ဌာနေတိုင်းရင်းသား ကိုယ်စားလှယ်အဖွဲ့ အစည်းများ ရာနှင့်ချီရှိပြီး ရှိသည်။

ဗဟိုမှ ချုပ်ကိုင်မည့် Voice သည် တိုင်းဒေသနှင့် ဝေးလံခေါင်သီသော လူမှုအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များကို ဥပက္ခာပြုနိုင်သော အန္တရာယ်ရှိသည်။

"နိုင်ငံ့ သဘောထင်မြင်ချက်က ကျေးလက်ဒေသကို ကိုယ်စားမပြုနိုင်ပါဘူး။"

*(Australians for Unity (စည်းလုံးညီညွတ်မှုအတွက် ဩစတြေးလျန်များ) ဘုတ်အဖွဲ့ဝင်၊ AO ဂုဏ်ထူးဆောင်ဘွဲ့ရ၊ Bundjalung (ဘန်ဂျာလွန်ဂ်) တိုင်းရင်းသား Nyunggai Warren Mundine (ညွန်ဂိုင် ဝါရန် မန်ဒီးန်) ၏ အဆို။)*

ယခုအချိန်တွင်၊ အချို့သော ဝေးလံခေါင်သီသော လူမှုအသိုင်းအဝိုင်းများတွင် ဆိုးရွားသော လူမှုရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် အကူအညီတောင်းရန် ငိုပာစ်သံများ များစွာထွက်ပေါ်လျက်ရှိနေပါသည်။ လိုအပ်နေသည်မှာ အရေးယူ ဆောင်ရွက်မှုများဖြစ်ပါသည်။

**"ကင်ဘာရာမှာ ကျွန်မတို့ လိုအပ်နေတာက နားတွေဖြစ်ပြီး၊ Voice မဟုတ်ဘူး။"**

*(Warlpiri (ဝါလ်ပီရီ) တိုင်းရင်းသူဖြစ်ပြီး ဌာနေတိုင်းရင်းသား ဩစတြေးလျန်များဆိုင်ရာ အတိုက်အခံ နိုင်ငံရေးအဖွဲ့ ဝန်ကြီးဖြစ်သူ အထက်လွှတ်တော်အမတ် Jacinta Nampijinpa Price (ဂျဆင်တာ နမ်ပီဂျင်ပါ ပရိုက်စ်) ၏ အဆို။)*

## ၅။ လုပ်ရပ်နယ်ပယ်ကို ကျော်လွန်နေသော ကိစ္စဟူ၍ လုံးဝမရှိပါ။

ဤ Voice ပုံစံသည် လွှတ်တော်အပေါ် အကျိုးသက်ရောက်မှုရှိခြင်းက ပိုများမည် သာမက၊ "အမှုဆောင်အစိုးရ" ၏ နယ်ပယ်အဝန်း အားလုံးအပေါ် သို့လည်း အကျိုးသက်ရောက်မှု ရှိလိမ့်မည်ဖြစ်သည်။ **၎င်းတွင် အစိုးရဌာနများအားလုံး၊ အဖွဲ့အစည်းများအားလုံးနှင့် (Reserve Bank ကဲ့သို့) အခြားအဖွဲ့အစည်းများလည်း ပါဝင်မည်။**

စီးပွားရေး၊ နိုင်ငံတော်လုံခြုံရေး၊ အခြေခံ ဖွံ့စည်းမှုစနစ်များ၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားအရာအပိုများနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များ အားလုံးသည် ၎င်း၏ ဩဇာစက်ဝန်းအတွင်းတွင် ရှိလိမ့်မည်ဖြစ်သည်။

အစိုးရ၏ ပြည်သူ့ဆန္ဒခံယူပွဲ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင် တစ်ဦးက အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"voice ဟာ ဝန်ကြီးအဖွဲ့၊ ဝန်ကြီးတွေ၊ ပြည်သူ့ဝန်ထမ်းတွေနဲ့ လွတ်လပ်သော ဥပဒေရုံးတွေနဲ့ အေဂျင်စီတွေအပြင် Reserve Bank (အစိုးရ ဗဟိုဘဏ်) လိုမျိုး လွတ်လပ်တဲ့ ဥပဒေအရပြဋ္ဌာန်းထားတဲ့ ရုံးတွေရယ် အဖွဲ့အစည်းတွေအပါအဝင် အစိုးရရဲ့ အပိုင်းကဏ္ဍအားလုံးနဲ့ စကားပြောဆိုနိုင်စွမ်းရှိမှာဖြစ်ပြီး voice ကို ပါးစပ်ပိတ်လို့ရမှာ မဟုတ်ပါဘူး။"

*(ပါမောက္ခ Megan Davis (မီဂန် ဒေးဗစ်စ်) နှင့် ပါမောက္ခ Gabrielle Appleby (ဂေဘရီယလ် အက်ပလ်ဘီ) တို့၏ အဆို )*[3]

Voice ကို ထောက်ခံသော ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ပါမောက္ခတစ်ဦး၏အဆိုက အောက်ပါအတိုင်းဖြစ်ပါသည်။

"အဲ့ဒီမှာ ပျက်စီးမှုရှိစေရာ အပြစ်အနာအဆာတွေ ရှိတယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ Voice က အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုတွေရဲ့ ပြန်လည်သုံးသပ်ချက် အပြည့်အစုံကို ထိန်းသိမ်းထားလို့ပါဘဲ။ ဆိုလိုတာက Voice သည် ရေငုပ်သင်္ဘောတွေကအစ ယာဉ်ရပ်နားမှု လက်မှတ်တွေအဆုံး ကိစ္စအရာရာတိုင်းအပေါ် ပြောရေးဆိုခွင့်ရှိလိမ့်မယ်။ ကျွန်တော်တို့မှာ တရားစီရင်ရေးဆိုင်ရာ ဝင်ရောက်စွက်ဖက်မှုတွေ မကြာခဏ ရှိနေပါလိမ့်မယ်။"

*(AO ဂုဏ်ထူးဆောင်ဘွဲ့ရ ပါမောက္ခ Greg Craven (ဂရက်ဂ် ခရေဗန်) )*[4]

3 ၁/၄/၂၀၂၃ နေ့စွဲပါ The Australian (ဩစတြေးလျန်) သတင်းစာ
4 ၂၄/၃/၂၀၂၃ နေ့စွဲပါ Daily Mail (ဒေလီ မေးလ်) သတင်းစာ

No ကိစ္စ ရှေ့ဆက် 19

**၎င်းကို မည်သူက ရေးဆွဲသနည်း။**

**ဤလျှောက်လဲချက်ပါ အကြောင်းအရာ (aec.gov.au/referendums/pamphlet.htm တွင် ကြည့်ပါ) သည် အဆိုပြုဥပဒေကို ကန့်ကွက်မဲပေးကြကာ ယင်းအရေးကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုက တရားဝင် ခွင့်ပြုခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင်က ဤစာသားကို မပြင်ဆင်ဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။**

## နားထောင်ခြင်းက အလုပ်ဖြစ်သည်။ ပညာရေးအပိုင်း ပိုမိုကောင်းမွန်လာစေမည်

မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းခေါင်းဆောင်များသည် Arnhem Land (အာနဲ ဟယ်မ် နယ်မြေ) ရှိ Dhupuma Barker (ဒူပူးမာ ဘာကာ) ကျောင်းသစ်၏ လုပ်ရပ်တိုင်းတွင် သင်ခန်းစာများကို စီစဉ်ပေးခြင်းမှအစ ကျောင်းဝတ်စုံများနှင့် နေ့လယ်စာများကို စီစဉ်ပေးခြင်းအဆုံး ပါဝင်နေခဲ့ကြပါသည်။

စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှုသည် **မြင့်မားသော ကျောင်းတက်နှုန်းနှင့် ပိုမိုကောင်းမွန်သော ရလဒ်များ**ကို ပေါ်ပေါက်လာစေခဲ့ပါသည်။ Dhupuma Firebirds (ဒူပူးမာ ဖားရားဘဒ်စ်) စက်ရုပ်အဖွဲ့သည် မကြာသေးမီက တက္ကဆပ်စ်မြို့ရှိ VEX International Championships (ဗက်စ် အပြည်ပြည်ဆိုင်ရာ ချန်ပီယံ ပြိုင်ပွဲ) အတွက် ပထမဦးဆုံးအကြိမ် ပြိုင်ပွဲဝင် အဆင့်မီသော မြောက်ပိုင်းအုပ်ချုပ်ခံနယ်မြေမှ ယှဉ်ပြိုင်ခွင့်ရ အသင်းဖြစ်သည်။

ကျောင်းအုပ်ကြီး Phillip Heath (ဖိလစ်ပ် ဟိသ်) က အောက်ပါအတိုင်း ပြောကြားပါသည်။

*"လူမှုအသိုင်းအဝိုင်းကို နားထောင်တာဟာ တိုင်းဒေသဆိုင်ရာနဲ့ အဝေးရောက် ပညာရေးအတွက် သိသာထင်ရှားလွန်းတဲ့ အပြောင်းအလဲတစ်ခုဖြစ်ပါတယ်။"*

## နားထောင်ခြင်းက အလုပ်ဖြစ်မည်။ ဌာနေတိုင်းရင်းသား တောရိုင်းခြံမြေစောင့်များ

ကျေးလက်ဒေသများတွင် လုပ်ကိုင်နေကြသော ဌာနေတိုင်းရင်းသား Rangers (တောရိုင်းခြံမြေစောင့်များ) ၂၀၀၀ နီးပါးရှိသည်။

Ranger များသည် **တောမီးများကို တားဆီးရန်၊ ဒုက္ခပေးသော တောရိုင်းတိရစ္ဆာန်များကို ထိန်းချုပ်ရန်နှင့် မြစ်များ၏ သဘာဝ အားကောင်းမှုကို ပိုကောင်းလာစေရန် လုပ်ကိုင်ဆောင်ရွက်ခြင်း**အားဖြင့် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကို ကြည့်ရှုစောင့်ရှောက်ပေးပါသည်။

ဌာနေတိုင်းရင်းသား Ranger များအား နားထောင်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ နှစ်ပေါင်း ၆၅၀၀၀ သက်တမ်းရှိနေပြီဖြစ်သော ကုန်းမြေနှင့် ရေတို့၏ အသိပညာနှင့် ၎င်းတို့ဖြင့် ဆက်နွှယ်နေမှုကို အတူမျှဝေခြင်းဖြစ်သည်။

**ဩစတြေးလျားနိုင်ငံတစ်ဝန်း ပိုမိုကောင်းမွန်သော ရလဒ်များရရှိရန် Yes မဲကို ထည့်ပါ။**

**ကွာဟချက်ကို ကူညီစေ့ပေးရန်အတွက် Yes မဲကို ထည့်ပါ။**

## ၄။ ကျွန်ုပ်တို့၏နိုင်ငံကို စည်းလုံးစေမည်။

Yes မဲ ထည့်ခြင်း၏ အဓိပ္ပာယ်မှာ၊

- ကျွန်ုပ်တို့၏အတိတ်နှင့် ပြန်လည်သင့်မြတ်ပြီး ပိုမိုကောင်းမွန်သောအနာဂတ်သို့ လှမ်းလျှောက်ခြင်း၊
- သင်သာလျှင် လုပ်ဆောင်ပေးနိုင်မည့် ပြောင်းလဲမှုဖြစ်ခြင်းကို ဆိုလိုပါသည်။

ကျွန်ုပ်တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၀၁ ခုနှစ်တွင် သက်ရောက်မှု ရှိလာပြီးကတည်းက ဩစတြေးလျားသည် ခရီးအလွန်ပေါက်ခဲ့ပြီဖြစ်ပါသည်။

ယခု ကျွန်ုပ်တို့သည် ဌာနေတိုင်းရင်းသား ဩစတြေးလျန်များနှင့် ကျွန်ုပ်တို့နိုင်ငံအတွက် ၎င်းတို့၏ ထည့်ဝင်ပံ့ပိုးပေးခဲ့မှုများကို ထိုက်တန်စွာ ဂုဏ်ပြုနေခြင်းပါသည်။

၁၉၆၇ ခုနှစ် ပြည်သူ့ဆန္ဒခံယူပွဲတွင် ၉၀% သော ဩစတြေးလျန်များသည် အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများအား အခြားသူများနည်းတူ လူဦးရေစာရင်းတွင် ထည့်သွင်းရေတွက်ခံရရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲရန် Yes ကိုမဲပေးခဲ့ကြသည်။

၎င်းမှာ စည်းလုံးညီညွတ်ရေးအတွက် ရှေ့ခြေလှမ်းတစ်ခုပင် ဖြစ်ခဲ့သည်။

Voice အရ အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများအား အသိအမှတ်ပြုခြင်းအားဖြင့် ကျွန်ုပ်တို့အနေနှင့် နောက်တစ်ဆင့် လျှောက်လှမ်းရန် အခွင့်အလမ်းရှိသည်။

**Yes ကိစ္စ ရှေ့ဆက်**
20

**၎င်းကို မည်သူက ရေးဆွဲသနည်း။**

**ဤလျှောက်လဲချက်ပါ အကြောင်းအရာ (aec.gov.au/referendums/pamphlet.htm တွင် ကြည့်ရှုနိုင်သည်) သည် အဆိုပြုဥပဒေကို ထောက်ခံမဲပေးကြကာ ယင်းကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုက တရားဝင် ခွင့်ပြုခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင်က ဤစာသားကို မပြင်ဆင်ဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။**





တရားရေးဆိုင်ရာ ကျွမ်းကျင်သူ အများအပြားသည် ၎င်း၏ နယ်ပယ်နှင့် ပတ်သက်၍ စိုးရိမ်မှုများကို ဖော်ပြခဲ့ကြသော်လည်း ၎င်းတို့၏ စိုးရိမ်မှုများကို လွယ်လင့်တကူ လျစ်လျူရှုခံခဲ့ကြရသည်။

## ၆။ ၎င်း၏ နှောင့်နှေးကြန့်ကြာမှုနှင့် ကမောက်ကမဖြစ်မည့် အန္တရာယ်ရှိသည်။

ဩစတြေးလျား လွှတ်တော်သည် တစ်နှစ်လျှင် ရာနှင့်ချီသော ဥပဒေများကို ကိုင်တွယ်ဖြေရှင်းရသည်။

Voice ၏ နယ်ပယ်အဝန်းသည် လွှတ်တော်ကို ကျော်လွန်ပြီး ဌာန၊ အဖွဲ့အစည်းများနှင့် "အမှုဆောင်အစိုးရ" တို့၏ နယ်ပယ်အဝန်း အားလုံးကို လွှမ်းခြုံမည်ဖြစ်သည်။

Voice က ၎င်းကို မည်ကဲ့သို့ ကိုင်တွယ်မည်နည်း။

**အကယ်၍ Voice က ၎င်းနှင့် ဆွေးနွေးပုံ သို့မဟုတ် ဆုံးဖြတ်ချက်ချမှု တစ်ခုခုကို မကျေနပ်လျှင် တရားရုံးကို အယူခံဝင်နိုင်သည်။ ထိုကိစ္စက မည်မျှကြာမြင့်နိုင်လိမ့်မည်နည်း။**

ဆုံးဖြတ်ချက်ချရာတွင် အလွန်နှောင့်နှေးကြန့်ကြာစေမည်ဟု ဥပဒေ ကျွမ်းကျင်သူ အမြောက်အမြားက သတိပေးထားသည်။

"Voice ဟာ လက်ရှိပြဿနာ မျိုးပေါင်းစုံတွေနဲ့ ပတ်သက်ပြီး နှစ်ရှည်လများစွာ အချေအတင် ဝေဖန်ဆွေးနွေးရလိမ့်မယ် ပြဿနာ ကြီး တစ်ခု ဖြစ်လာမှာ အတော်လေးကို သေချာပါတယ်။ နိုင်ငံတော်အဆင့်ဝင် ကိစ္စအရပ်ရပ်နဲ့ ပတ်သက်ပြီး လက်ရှိစိုးရိမ်ရနေရမှု အားလုံးနီးပါးမှာ ဌာနေတိုင်းရင်းသားဆိုင်ရာ စပ်ဆိုင်မှုက တစ်မျိုးမျိုးအဖြစ် ပါရှိတယ်လို့ မြင်လာပါလိမ့်မယ်။"

*(AM နှင့် KC ဂုဏ်ထူးဆောင်ဘွဲ့ရ၊ အနောက်ဩစတြေးလျားပြည်နယ် တရားရုံးချုပ် တရားသူကြီးဟောင်း Nicholas Hasluck (နစ်ကလပ်စ် ဟက်စ်-လပ်က်) ၏အဆို။)*[5]

တရားရေးဆိုင်ရာ အယူခံဝင်မှုများနှင့် နှောင့်နှေးကြန့်ကြာမှုများ၏ အန္တရာယ်က အစိုးရကို ကမောက်ကမဖြစ်စေမည့် အန္တရာယ်ရှိခြင်းကို ဆိုလိုသည်။

၎င်းသည် ဩစတြေးလျားအတွက် မကောင်းပါ။

## ၇။ လှုပ်ရှားပြောင်းလဲရေးဝါဒီများအား အခွင့်ကောင်းပေးလိုက်ရာရောက်မည်။

တရားဥပဒေပိုင်းအရ မသေချာမရေရာမှုများနှင့် အသေးစိတ်အချက်အလက်များ မဲ့နေခြင်းက ရှေ့ဆက်ဘာဖြစ်လာမည်နည်းဟူသော မေးခွန်း ထုတ်စရာဖြစ်လာသည်။

| |
|---|
| Voice ကို ထောက်ခံသူအချို့က ဤ Voice သည် အလျော်ပေးမှုများ၊ လျော်ကြေးငွေပေးခြင်းများနှင့် အခြားသော အစွန်းရောက်ပြောင်းလဲမှုများ အတွက် ပထမခြေလှမ်းဖြစ်လိမ့်မည်ဟု ပြောင်တင်းစွာ ထုတ်ဖော်ပြောကြပါသည်။ |

"ဒါက ပထမခြေလှမ်းဘဲ၊ ဒါဟာ အရေးကြီးတဲ့ ခြေလှမ်းတစ်ခုဖြစ်ပြီး အကြောင်းပြချက်တွေအားလုံးကို ရှင်းပြထားပါတယ်။ ဥပမာ 'ငွားရမ်းခကို ပေးချေပါ' ဆိုဒါကို အဘော်ရီဂျင်နယ်နဲ့ တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးတွေ တကယ်မြင်တွေ့ဖို့ကော၊ ပွင့်လင်းမြင်သာစွာ လုပ်ရမယ့်ပုံစံ၊ အလျော်ပေးတာတွေ၊ လျော်ကြေးငွေ ပေးတာတွေကိုပါ၊ ဒါကို ဘယ်လို လုပ်ကြမလဲ။"

*(ပြည်သူ့ဆန္ဒခံယူပွဲ လုပ်ငန်းအဖွဲ့ မှ Thomas Mayo တောမတ်စ် မေယို)*[6]

Uluru Statement from the Heart (နှလုံးသားထဲမှ အူလူရူ ထုတ်ပြန်ချက်) တွင် သဘောတူစာချုပ်ကို မချုပ်ဆိုမီနှင့် အမှန်တရားကို မပြောမီ Voice သည် ပထမ ခြေလှမ်းဖြစ်သည်ဟု ဆိုထားသည်။

5 ၁၆/၄/၂၀၂၃ နေ့စွဲပါ လွှတ်တော်စုံစမ်းရေးကော်မရှင်၏ တင်သွင်းချက်
6 ၁၂/၂/၂၀၂၀ နေ့စွဲ SEARCH (ဆပ်ချ်) အဖွဲ့အစည်း မိန့်ခွန်း

**No ကိစ္စ ရှေ့ဆက်**
21

**၎င်းကို မည်သူက ရေးဆွဲသနည်း။**

**ဤလျှောက်လဲချက်ပါ အကြောင်းအရာ (aec.gov.au/referendums/pamphlet.htm တွင် ကြည့်ပါ) သည် အဆိုပြုဥပဒေကို ကန့်ကွက်မဲပေးကြကာ ယင်းအရေးကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုက တရားဝင် ခွင့်ပြုခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင်က ဤစာသားကို မပြင်ဆင်ဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။**

ကနေဒါ နှင့် နယူးဇီလန်နိုင်ငံတို့ကဲ့သို့ ကျွန်ုပ်တို့နှင့် အလားတူ သမိုင်းကြောင်းရှိသည့် အခြားနိုင်ငံများသည် လွန်ခဲ့သော ဆယ်စုနှစ်များက ၎င်းတို့၏ ရှေးဦးလူမျိုးများအား ဆယ်စုနှစ်ပေါင်းများစွာက တရားဝင်အသိအမှတ်ပြုခဲ့ကြသည်။

**အတွေ့အကြုံများအရ သိရသည်မှာ ကြောက်စရာ ဘာမျှမရှိဘဲ အကျိုးအမြတ်များ များစွာသာရှိမည်ဖြစ်ပါသည်။**

**Alice Springs (အဲလစ်စ် စပရင်းဂ်စ်) မှ Arrernte/Kalkadoon (အာရန်တီ/ကလ်ကဒွန်း) တိုင်ရင်းသူဖြစ်သော ရုပ်ရှင်ရိုက်သည့် Rachel Perkins (ရေချယ်လ် ပါ့ကင်နစ်) က အောက်ပါအတိုင်း ပြောကြားပါသည်။**

*"ကျွန်မတို့ရဲ့ လူတွေဟာ ပိုမိုကောင်းမွန်သောဘဝ အခွင့်အရေးတွေအတွက် ဆယ်စုနှစ်များစွာကြာ စည်းရုံးလှုံ့ဆော်ခဲ့ကြပါတယ်။ ကျွန်မတို့ ဘယ်တုံးကမှ ဒီလို ပိုပြီးသန္နိဋ္ဌာန်ချကြတာ ဒါမှမဟုတ် ပိုမိုစည်းလုံးခဲ့တာ မရှိခဲ့ပါဘူး။ Voice က ကျွန်မတို့ရဲ့ အကောင်းဆုံး အခန်းပါ၊ အတူတူ ရယူကြရအောင်။"*

## ၅။ ငွေချွေတာနိုင်မည်။

အစိုးရများသည် ပြည်သူများ၏ စကားကို နားထောင်သောအခါ ပိုမိုကောင်းမွန်သော ရလဒ်များ ရရှိကြပြီး ရန်ပုံငွေများကိုလည်း ပိုမိုထိရောက်စွာ အသုံးပြုကြမည်။

**Uluru Dialogues အဖွဲ့အစည်း၏ တွဲဘက် ဥက္ကဋ္ဌဖြစ်ပြီး Alyawarre ( အလ်ရာဝါရီ) တိုင်ရင်းသူဖြစ်ကာ AO ဂုဏ်ထူးဆောင်ဘွဲ့ရ Aunty Pat Anderson (အန်တီ ပက်တ် အယ်န်ဒဆန်) က အောက်ပါအတိုင်း ပြောကြားပါသည်။**

*"လူတွေကို ပါဝင်ပတ်သက်ကြစေရင် ကျွန်မတို့ ပိုကောင်းတဲ့ ဆုံးဖြတ်ချက်တွေချနိုင်ပြီး အောက်ခြေကလူတွေအပေါ်မှာ ကျွန်မတို့ သုံးစွဲတဲ့ငွေတွေက အလိုအပ်ဆုံးနေရာတွေမှာ သုံးစွဲဖြစ်တယ်။"*

နှစ်ဖက်စလုံးမှ အစိုးရများသည် မဖြေရှင်းပေးနိုင်သော ပြဿနာများ သို့မဟုတ် လူမှုအသိုင်းအဝိုင်းအတွင်း မရောက်နိုင်သော အစီအစဉ်များတွင် ဘီလီယံနှင့်ချီ၍ ငွေရင်းနှီးမြှုပ်နှံခဲ့ပါသည်။

Voice သည် ကျွန်ုပ်တို့က ဒေသခံများအား နားထောင်ရာတွင် အထောက်အကူပြုပေးမည်ဖြစ်ပြီး ငွေကုန်ရာတွင်လည်း သက်သာစေမည်ဖြစ်သည်။

အစိုးများက အလုပ်မဖြစ်သော ကိစ္စရပ်များအပေါ် အခွန်ထမ်းနေကြသူများ၏ ငွေများကို မဖြုန်းတီးပါက ကျွန်ုပ်တို့ အားလုံးအတွက် ပိုကောင်းပါမည်။

## ၆။ ယခု အချိန်ကျပါပြီ။

Voice အကြံအစည်ကို ကြံဆကြခဲ့သည်မှာ ဆယ်စုနှစ် များစွာရှိနေပါပြီ။ အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများ အများအပြားသည် ခက်ခဲပင်ပန်းစွာနှင့် စေတနာထက်သန်စွာ ကြိုးစားလုပ်ဆောင်ခဲ့ကြသည်။

No မဲ ထည့်ခြင်းအားဖြင့် ဘာမျှ ပြောင်းလဲမည် မဟုတ်ပါ။ ၎င်းမှာ ကျွန်ုပ်တို့ ပိုကောင်းအောင် မလုပ်နိုင်သည်ကို လက်ခံခြင်းဖြစ်မည်။

**ရှိရင်းစွဲ အခြေအနေများကို ပိုပြီး အဆုံးရှုံး မခံပါနှင့်။**

- သက်တမ်း ပိုဆိုးသွားမှု။
- ပညာရေးနှင့် အလုပ်အကိုင်ပိုင်းတွင် ပိုဆိုးသောရလဒ်များ။
- ကျန်းမာရေး အပိုင်းတွင် ပိုဆိုးသောရလဒ်များ။

ဤသံသရာကို ရိုက်ချိုးပြီး ကျွန်ုပ်တို့၏နိုင်ငံကို စည်းလုံးရန် Yes မဲကို ထည့်ပါ။

**Adelaide (အယ်ဒီလိပ်) နှင့် Carlton (ကာလ်တန်) AFL အထင်ကရ ဘောလုံးသမားဖြစ်ကာ Gubrun, Wirangu/Kokatha (ဂူဘရွန်၊ ဝီရန်ဂူ/ကိုကာသာ) တိုင်ရင်းသား Eddie Betts (အက်ဒီ ဘက်တ်စ်) က အောက်ပါအတိုင်း ပြောကြားပါသည်။**

*"Voice က အရာရာတိုင်းကို နေ့ချင်းညချင်း ပြင်ပေးမှာ မဟုတ်ဘူးဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် အဲ့ဒါက ကျွန်တော်တို့အပေါ် သက်ရောက်မှုရှိတဲ့ ကိစ္စရပ်တွေအတွက် ဆုံးဖြတ်ချက်တွေချရာမှာ ကျွန်တော်တို့ပါဝင်နိုင်ကြပြီး လေးစားခံရအောင် သေချာစေဖို့ လမ်းကြောင်းတစ်ခုကို ဖွင့်ပေးလိုက်သလို ခံစားရပါတယ်။"*

Yes ကိစ္စ ရှေ့ဆက် 22





အဓိပ္ပါယ်ဖွင့်ဆိုရလျှင် သဘောတူစာချုပ်သည် အစိုးရများများအကြား သဘောတူညီချက်ဖြစ်ပြီး နိုင်ငံသားတစ်စုနှင့် ၎င်း၏အစိုးရအကြား သဘောတူညီချက်မဟုတ်ပါ။

အစိုးရ၏ ပြည်သူ့ဆန္ဒခံယူပွဲ အလုပ်အဖွဲ့ဝင်တစ်ဦးက "ကိုလိုနီခေတ်ဟောင်းက ဖွဲ့စည်းတည်ထောင်ထားမှုများ ဖျက်သိမ်းရေး"သို့ ဦးတည်လျှောက်လှမ်းရန်အတွက် "အမှန်တရား"ကို "ချိန်ခွင်လျှာ ထိန်းသိမ်းမှု"အဖြစ် ဖော်ပြခဲ့သည်။

"ဒါက သဘောတူစာချုပ်တွေနဲ့ ပတ်သက်တဲ့ စေ့စပ်ညှိနှိုင်းမှုတွေမှာ၊ တခြားအရာတွေဖြစ်တဲ့ ဥပဒေပြုရေး၊ ပြုပြင်ပြောင်းလဲရေး၊ ကိုလိုနီခေတ်ဟောင်း ဖွဲ့စည်းတည်ထောင်ထားမှုတွေလို ကျွန်တော်တို့ကို ထိခိုက်နစ်နာစေတဲ့ ဖွဲ့စည်းတည်ထောင်ထားမှုတွေကို ဖျက်သိမ်းရေးနဲ့ ပတ်သက်တဲ့ စေ့စပ်ညှိနှိုင်းတွေမှာ ကျွန်တော်တို့ရဲ့ ပြည်သူတွေအတွက် လိုအပ်သည်များကို ထပ်လောင်းလုပ်ပေးဖို့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။"
(*ပြည်သူ့ဆန္ဒခံယူပွဲ လုပ်ငန်းအဖွဲ့ မှ Thomas Mayo တောမတ်စ် မေယို*)[7]

ယခုပင်လျှင် လှုပ်ရှားပြောင်းလဲရေးဝါဒီ အများအပြားသည် **ဩစတြေးလျားနေ့ကို ဖျက်သိမ်းရန်၊** ဩစတြေးလျန်များအတွက် အရေးကြီးသည့် **ကျွန်ုပ်တို့၏ အလံနှင့် အခြားသော ဖွဲ့စည်းတည်ထောင်ထားမှုများနှင့် အမှတ်သညာများကို ပြောင်းလဲရန်** စည်းရုံးလှုံ့ဆော်နေကြသည်။

"ဒါက အမြဲတမ်း #abolishAustraliaDay ဖြစ်ပြီး ရက်စွဲကို ပြောင်းတာက ခေါင်းရှောင်တာပဲ"
(*Teela Reidပြည်သူ့ဆန္ဒခံယူပွဲ လုပ်ကိုင်ဆက်ဆံရေးအဖွဲ့မှ Teela Reid* တီလာ ရီးဒ်)[8]

ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမြတ်တနိုး တန်ဖိုးထား ထည့်သွင်းပြဋ္ဌာန်းထားသော Voice ရှိလျှင် ဤတောင်းဆိုမှုများ ပိုကျယ်လောင်လာပေမည်။

"လက်ရှိတည်ရှိနေတဲ့ ယှဉ်တွဲနေသည့် အချုပ်အခြာအာဏာကို အသိအမှတ်ပြုဖို့ တောင်းဆိုမှု၊ သဘောတူစာချုပ်နဲ့ လျော်ကြေးငွေထုတ်ပေးရန် စီစဉ်ရေးဆွဲထားတဲ့ Makarrata (မာကာရတ်တာ) ကော်မရှင်ကို အသိအမှတ်ပြုဖို့ တောင်းဆိုမှု၊ ဩစတြေးလျားသမိုင်းကို ပြန်ပြောင်း ရေးသားဖို့ တောင်းဆိုမှုတွေကိုထောက်ခံဖို့ အတွက် Voice ကို အသုံးချလိမ့်မယ်ဆိုတာကို ဩစတြေးလျန်တွေအနေနဲ့ နားလည်ထားဖို့ လိုပါတယ်။ ဩစတြေးလျန် လူ့အဖွဲ့အစည်းအတွက် ကုစားမရနိုင်တဲ့ ကြီးမားလှသော ထိခိုက်မှု အလားအလာရှိတာမို့ ဩစတြေးလျား ဖွဲ့စည်းပုံ အခြေခံဥပဒေထဲမှာ voice ကို ဘယ်တော့မှ မထည့်သွင်းသင့်ပါဘူး။"
(*AO ၊ RFD နှင့် KC ဂုဏ်ထူးဆောင်ဘွဲ့ရ၊ နယူးဆောက်သ်ဝေးလ်စ် ပြည်နယ် တရားရုံးချုပ် တရားသူကြီးဟောင်း Terence Cole (တဲရန့်စ် ကိုးလ်) ၏အဆို။*)[9]

## ၈။ ၎င်းသည် ကုန်ကျစရိတ်များပြီး ဗျူရိုကရေစီစနစ်ဆန်လိမ့်မည်။

ဤ Voice အတွက် ရန်ပုံငွေ နောက်ထပ်မည်မျှ ချပေးမည်ကို ကျွန်ုပ်တို့ မသိပါ။

၎င်းက ပြည်သူ့ဆန္ဒခံယူပွဲ ပြီးဆုံးမှသာ ဆုံးဖြတ်ချမည့် နောက်ထပ် အသေးစိတ်အချက်ဖြစ်သည်။

အစိုးရအဆင့်အားလုံးတွင် **လက်ရှိ၌ အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများ ကိုယ်စားလှယ် အဖွဲ့အစည်းများ ရာနှင့်ချီရှိသည်။**

| |
|---|
| ဤနှစ်တွင် အစိုးရသည် ဝန်ထမ်းပေါင်း ၁၄၀၀ ရှိသည့် National Indigenous Australians Agency အတွက် ဒေါ်လာ ၄.၃ ဘီလီယံ ချမှတ်ပေးခဲ့သည်။ |

ဤအေဂျင်စီ၏ ဝက်ဘ်ဆိုက်နှင့် ကော်ပိုရေးရှင်း အစီအစဉ်က "ကျွန်ုပ်တို့… အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများသည် ၎င်းတို့အပေါ် အကျိုးသက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များတွင် ပြောရေးဆိုခွင့်ရှိကြောင်း သေချာစေပါသည်" ဟုဆိုထားပါသည်။

ဤ Voice က ယင်းတို့အနက်မှ တစ်စုံတစ်ရာကို အစားထိုးမည်ဟု အကြံပြုထားခြင်း မရှိပါ။ ၎င်းသည် အခြားအုပ်ချုပ်မှုစနစ် အမြောက်အများကဲ့သို့ပင် ဗျူရိုကရေစီစနစ်တစ်ခုအဖြစ် အလုပ်လုပ်မည်ဖြစ်သည်။

7 ၁၂/၂/၂၀၂၀ နေ့စွဲ SEARCH ဆပ်ချ် အဖွဲ့အစည်း မိန့်ခွန်း
8 ၈ ၂၄/၁/၂၀၂၃ ခုနှစ် Twitter တွစ်တာ
9 ၆/၄/၂၀၂၃ နေ့စွဲပါ Spectator Australia (စပက်က်တေတာ ဩစတြေးလျား)မဂ္ဂဇင်းနှင့် ၁၉/၄/၂၀၂၃ နေ့စွဲပါ လွှတ်တော်စုံစမ်းရေးကော်မရှင်၏ တင်သွင်းချက်

No ကိစ္စ ရှေ့ဆက် 23

## ၇။ အလုပ်ဖြစ်မည့် လက်တွေ့ကျသော အကြံဉာဏ်များဖြစ်မည်။

Voice က ဌာနေတိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်နှင့် အိမ်ရာကိစ္စများ တိုးတက်စေရန် လက်တွေ့ကျသော ခြေလှမ်းများ အကြောင်းကို အကြံဉာဏ်ပေးမည်ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် Voice ကို ထည့်သွင်းခြင်းအားဖြင့် ယခုမှစ၍ အနာဂတ်တိုင် ၎င်း၏ တည်တံ့မှုနှင့် လွတ်လပ်မှုကို ပေးမည်ဖြစ်သည်။

ဆိုလိုသည်မှာ Voice သည် ရေတို နိုင်ငံရေး အရှုပ်အထွေးတွင် ပိတ်ပြီမနေဘဲ ပွင့်လင်းပြတ်သားသော အကြံဉာဏ်များကို ပေးနိုင်မည်။

**ဌာနေတိုင်းရင်းသား ဩစတြေးလျန်များ ကြုံတွေ့နေကြရသည့် စိန်ခေါ်မှုများ အားလုံးကို ကျွန်ုပ်တို့ နေ့ချင်းညချင်း မဖြေရှင်းပေးနိုင်ပါ။ ယခု အချိန်တွင် အရေးယူ လုပ်ကိုင်ဆောင်ရွက်မှုများကို လိုအပ်နေသလို ရေရှည်အတွက်လည်း စီစဉ်ရန် လိုအပ်နေပါသည်။**

ထို့ကြောင့် ကလောင်တံဖြင့် ဖျက်၍မရသော Voice အဖွဲ့အစည်းတစ်ခုကို ကျွန်ုပ်တို့ လိုအပ်ပါသည်။

ဥပဒေပညာရှင်များက Voice ၌ ဥပဒေများ သို့မဟုတ် ဆုံးဖြတ်ချက်များကို ဟန့်တားရန်၊ နှောင့်နှေးစေရန် သို့မဟုတ် ဗီတို အာဏာဖြင့် ပယ်ချရန် အခွင့်အာဏာရှိမည်မဟုတ်ကြောင်း ရှင်းလင်းစွာ ပြောကြားခဲ့ပါသည်။ **Voice က အကြံပေးခြင်းနှင့် ပတ်သက်ပါသည်**။

## ၈။ အစိုးရကို ပိုကောင်းစွာ အလုပ်လုပ်နိုင်စေမည်။

Yes မဲကို ထည့်ခြင်းအားဖြင့်

- အစိုးရက ပိုမိုကောင်းမွန်သော အကြံဉာဏ်များကို ရမည်ဖြစ်ပြီး ပိုကောင်းသော ရလဒ်များကို ပေးစွမ်းနိုင်လိမ့်မည်။
- ကျွမ်းကျင်သူများက ထောက်ခံထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဖြည့်စွက်ချက်တစ်ရပ်ဖြစ်မည်။

အထက်တန်းရှေ့နေများနှင့် တရားရုံးချုပ် တရားသူကြီးဟောင်းများသည် ဤလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြပါသည်။

### တရားရေးဆိုင်ရာ ကျွမ်းကျင်သူများက အောက်ပါတို့ကို ပြောကြားခဲ့ကြသည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေအရ၊ တရားဝင်ဖြစ်၍ ခိုင်လုံမှုရှိသည်။
- ကျွန်ုပ်တို့၏ အစိုးရစနစ်၏ **စွမ်းဆောင်နိုင်မှုကို မြှင့်တင်ပေး**မည်။
- ဗီတို အာဏာရှိမည်မဟုတ်။ လွှတ်တော်နှင့် အစိုးရတို့က နောက်ဆုံးပိတ် လက်မှတ်ရေးထိုး အတည်ပြုခွင့်ရှိမည်။

**၂၀၀၈-၂၀၁၇ ခုနှစ်ဆိုင်ရာ ဩစတြေးလျား တရားရုံးချုပ်၏ တရားသူကြီးချုပ် AC ဂုဏ်ထူးဆောင်ဘွဲ့ရ Robert French (ရောဘတ် ဖရဲ့န်ချ်) နှင့် အယ်ဒီလိပ် တက္ကသိုလ်၊ ဥပဒေ ဘာသာရပ်ဆိုင်ရာ အထူးပါမောက္ခ Geoffrey Lindell (ဂျက်ဖရီ လင်ဒယ်လ်)တို့က အောက်ပါ အတိုင်း ပြောကြားပါသည်။**

*"Voice က အကြံအစည်ကြီးတစ်ခုဖြစ်ပေမယ့် ရှုပ်ထွေးတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ ကြီးမားတဲ့ ရလဒ်အတွက် ဘေးအန္တရာယ် နည်းပါးပါတယ်... Voice က လွှတ်တော်နှင့် အစိုးရကို အသိကြွယ် ရှေ့နောက်ညီညွတ်ပြီး ယုံကြည်စိတ်ချရတဲ့ အကြံဉာဏ်တွေ ပေးဖို့ ရှေးဦးလူမျိုးတွေအတွက် လက်တွေ့ကျတဲ့ အခွင့်အရေးတစ်ရပ်အဖြစ် ပံ့ပိုးပေးပါလိမ့်မည်။"*

- ပူးတွဲအမြင်အပိုင်း၊ ဩစတြေးလျန် ဘဏ္ဍာရေးဆိုင်ရာ ပြန်လည်သုံးသပ်ချက်။ ၄/၂/၂၀၂၃

## ယခု ကျွန်ုပ်တို့အပေါ် မူတည်ပါသည်။

**ယခင် တင်းနစ် နံပါတ် ၁ ချန်ပီယံ၊ AC နှင့် MBE ဂုဏ်ထူးဆောင်ဘွဲ့များရခဲ့သော Wiradjur (ဝီရဒ်ဂျူရ်) တိုင်းရင်းသူ Evonne Goolagong Cawley (အီဗော်န် ဂူလာဂေါင် ကော်လီ) က အောက်ပါအတိုင်း ပြောကြားပါသည်။**

*"Yes မဲပေးတာက ဩစတြေးလျန်တွေ အားလုံး ကျွန်မတို့နိုင်ငံအတွက် ကြိုပမ်းလုပ်ဆောင်ပေးခဲ့ကြတဲ့ အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးတွေရဲ့ ပံ့ပိုးကူညီထည့်ဝင်မှုကို ဂုဏ်ပြုဖို့ အခွင့်အလမ်းတစ်ခုဖြစ်ပါပြီး မျိုးဆက်သစ်တွေ သူတို့ရဲ့ စိတ်ကူးဆန္ဒတွေကို လက်လှမ်းမီ ရယူနိုင်ဖို့ပါဘဲ။ ဒီအခိုက်အတန့်ကို လက်နှစ်ဖက်လုံးနဲ့ ဆုပ်ကိုင်လိုက်ကြပါစို့။"*

**Yes ကိစ္စ ရှေ့ဆက်** 24

**၎င်းကို မည်သူက ရေးဆွဲသနည်း။**

**ဤလျှောက်လဲချက်ပါ အကြောင်းအရာ (aec.gov.au/referendums/pamphlet.htm တွင် ကြည့်ရှုနိုင်သည်) သည် အဆိုပြုဥပဒေကို ထောက်ခံမဲပေးကြကာ ယင်းကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုက တရားဝင် ခွင့်ပြုခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင်က ဤစာသားကို မပြင်ဆင်ဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။**





## ၉။ ဤ VOICE သည် ထာဝရအတွက်ရှိနေလိမ့်မည်။

ဤ Voice သည် အစမ်းသုံး သို့မဟုတ် စမ်းသပ်မှု အစီအစဉ် တစ်ရပ်မဟုတ်ပါ။ ဥပဒေ အဖြစ်တည်ရှိနေမည်ဖြစ်ပြီး ၎င်းကို ပြန်မပြောင်းနိုင်ပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသည်နှင့် တစ်ပြိုင်နက် ၎င်းကို ပြန်မပြင်နိုင်ပါ။

တရားရုံးကြီးက အနက်အဓိပ္ပာယ်ဖွင့်ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် လွှတ်တော်က မပယ်ချနိုင်ပါ။

ကျွန်ုပ်တို့သည် မကောင်းသော အကျိုးဆက်များနှင့် ထာဝရ ပိတ်မိနေကြလိမ့်မည်။

## ၁၀။ ရှေ့ဆက်သွားရန် ပိုကောင်းသော နည်းလမ်းများ ရှိပါသည်။

ဤဆန္ဒခံယူပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဌာနေတိုင်းရင်းသား ဩစတြေးလျန်များအား အသိအမှတ်ပြုရုံမျှသက်သက် မဟုတ်ပါ။

**အန္တရာယ်ရှိသော၊ အမည်မသိနိုင်သောနှင့် ထာဝရအတွက်ဖြစ်မည့် Voice နှင့် ချိတ်ဆက်စရာ မလိုဘဲ စွမ်းဆောင်ရယူနိုင်ပါသည်။**

အသိအမှတ်ပြုရန်အတွက် ဩစတြေးလျန်များ၏ ကျယ်ပြန့်သော ထောက်ခံမှုရှိသည်။ သို့သော် ဤ Voice အဆိုပြုချက်က ပြဿနာဖြစ်နေပါသည်။

Voice ကို မူအရ ဆန့်ကျင်သော ဩစတြေးလျန် အများအပြားရှိပါသည်။

အခြားသူများက အန္တရာယ် ပိုလျော့နည်းသော Voice ရွေးချယ်မှုကို ထည့်သွင်းစဉ်းစားရန်ဆန္ဒ ရှိကောင်းရှိနိုင်သော်လည်း အစိုးရက သင့်အား ဤရွေးချယ်မှုကို ပေးမထားပေ။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ယခင်ပြင်ဆင်မှုများ အဆိုပြုသောအခါတွင် ရွေးချယ်စရာများနှင့် အသေးစိတ်အချက်များ မှန်ကန်စွာ ထည့်သွင်း စဉ်းစားရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သဘောတူစာချုပ်တစ်ခု ရှိသည်။

ဤဖြစ်စဉ်မျိုး မဖြစ်ခဲ့ပါ။ ဤလုပ်ငန်းစဉ်ကို အလောတကြီး၊ ဖိအားပေး၍ လုပ်ခဲ့ခြင်းဖြစ်သည်။

ဤနည်းလမ်းက လူများအား မညီညွတ်စေပါ သို့မဟုတ် ထိရောက်မှု လည်းမရှိစေပါ။ လူများအား စိတ်ဝမ်းကွဲစေသည်။

## ဆုံးဖြတ်ချက်က သင့်အပေါ် မူတည်သည်

ဤဆုံးဖြတ်ချက်က အလွန်အရေးကြီးပါသည်။ ကံမကောင်းစွာဖြင့်၊ ဩစတြေးလျန် အမြောက်အမြား၏ တရားသော မေးခွန်းများနှင့် စိုးရိမ်ပူပန်မှုများကို အပယ်ခံခဲ့ရသည်။

ကံကောင်းစွာဖြင့်၊ ဤပြည်သူ့ဆန္ဒခံယူပွဲကို နိုင်ငံရေးသမားများ၊ ကော်ပိုရေးရှင်းများ သို့မဟုတ် ထင်ရှားကျော်ကြားသူများက ဆုံးဖြတ်မည် မဟုတ်ပါ။

ဤကိစ္စကို ဩစတြေးလျန်တိုင်းက ဆုံးဖြတ်ပါလိမ့်မည်။ ဩစတြေးလျန်တိုင်းအပေါ် အကျိုးသက်ရောက်မှုရှိမည်။

**သင် မသိ၊ နားမလည်လျှင် no မဲ ပေးပါ။**

## နောက်ထပ်အချက်အလက်များ

နောက်ထပ်အချက်အလက်များနှင့် နောက်ဆုံးထွက် အချက်အလက်များအတွက် အောက်ပါနေရာ၌ကြည့်ပါ

- www.riskyvoice.com
- www.oneandfree.au
- www.australiansforunity.com.au

**NO** အရေးကိစ္စ အဆုံးသတ်။

**၎င်းကို မည်သူက ရေးဆွဲသနည်း။**

**ဤလျှောက်လဲချက်ပါ အကြောင်းအရာ (aec.gov.au/referendums/pamphlet.htm တွင် ကြည့်ပါ) သည် အဆိုပြုဥပဒေကို ကန့်ကွက်မဲပေးကြကာ ယင်းအရေးကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုက တရားဝင် ခွင့်ပြုခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင်က ဤစာသားကို မပြင်ဆင်ဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။**

# Yes မဲပေးရန် အကြောင်းပြချက်

အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများသည် ကျွန်ုပ်တို့အား တစ်သက်မှာ တစ်ကြိမ်သာ ရယူနိုင်မည့် အခွင့်အရေးကို ပေးနေပါသည်။

**ပိုမိုကောင်းမွန်သော အနာဂတ်ကို ဆောင်ကြဉ်းပေးမည့် ကြီးမားလှသော ပေါင်းစည်းမှုအခိုက်အတန့်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ကျွန်ုပ်တို့ Yes မဲပေးနိုင်ပါသည်။**

အောက်ပါတို့အတွက် ကျွန်ုပ်တို့ Yes မဲပေးနိုင်ပါသည်။

- အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများအတွက် မှန်ကန်ရာကို လုပ်ပါ။
- လူများအား ၎င်းတို့အပေါ် သက်ရောက်မှုရှိသော ကိစ္စရပ်များအတွက် ပြောရေးဆိုခွင့်ကို ပေးပါ။
- ဘဝများကို ကောင်းမွန်တိုးတက်စေမည့် လက်တွေ့ကျသော ပြောင်းလဲမှုကို လုပ်ပေးပါ။

**အသိအမှတ်ပြုခြင်း၊ နားထောင်ခြင်း**နှင့် **ပိုမိုကောင်းမွန်သောရလဒ်များ**အတွက် Yes မဲပေးကြပါစို့။

အဘော်ရီဂျင်နယ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသား လူမျိုးများသည် ၎င်းတို့၏ သားသမီးများအတွက် အခွင့်အလမ်းများ ပိုမိုရှိနိုင်စေကြကာ ပိုမိုကောင်းမွန်သော ဘဝများကို ထူထောင်နိုင်ကြရေးကို သေချာစေရန် Yes မဲပေးကြပါစို့။

စည်းလုံးညီညွတ်သော စိတ်ဓာတ်ဖြင့် Yes မဲကို အတူတူ ပေးကြပါစို့။

**YES အရေးကိစ္စ အဆုံးသတ်။**



**ဤလျှောက်လဲချက်ပါ အကြောင်းအရာ (aec.gov.au/referendums/pamphlet.htm တွင် ကြည့်ရှုနိုင်သည်) သည် အဆိုပြုဥပဒေကို ထောက်ခံမဲပေးကြကာ ယင်းကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုက တရားဝင် ခွင့်ပြုခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင်က ဤစာသားကို မပြင်ဆင်ဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။**



# No မဲပေးရန် အကြောင်းပြချက်

No အရေးကိစ္စသည် စာမျက်နှာ 23 တွင် အဆုံးသတ်ခဲ့ပါသည်။



**ဤလျှောက်လဲချက်ပါ အကြောင်းအရာ (aec.gov.au/referendums/pamphlet.htm တွင် ကြည့်ပါ) သည် အဆိုပြုဥပဒေကို ကန့်ကွက်မဲပေးကြကာ ယင်းအရေးကိစ္စကို ရှေ့ဆက် လျှောက်လဲတင်ပြရန် လိုလားကြသည့် လွှတ်တော်ကိုယ်စားလှယ် အများစုက တရားဝင် ခွင့်ပြုခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင်က ဤစာသားကို မပြင်ဆင်ဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။**

ဤစာမျက်နှာကို ဗလာအဖြစ် တမင်တကာ ထားထားသည်။



AEC
Australian Electoral Commission

# ၂၀၂၃ ခုနှစ် ပြည်သူ့ဆန္ဒခံယူပွဲဆိုင်ရာ

# **တရားဝင် လမ်းညွှန်**

**မည်သည့်နေ့ မဲပေးရမည်နည်း။**

ပိုမိုသိရှိလိုပါက၊ QR ကုဒ်ကို စကင်န်ဖတ်ပါ
သို့မဟုတ် **aec.gov.au/referendums** တွင်ကြည့်ပါ။

**aec.gov.au**
13 23 26

10 Mort Street ကင်ဘာရာမြို့တော်ရှိ ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက တရားဝင် ခွင့်ပြုသည်။
Authorised by the Electoral Commissioner, 10 Mort Street, Canberra

# ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၏ **အမှာစကား**

ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခဲ့သည်မှာ အတော်ကြာမြင့်ခဲ့ပါပြီ။ နောက်ဆုံးအကြိမ်ကို ၁၉၉၉ ခုနှစ်တွင် ကျင်းပခဲ့ပြီး ၎င်း၏ဆိုလိုချက်မှာ စာဖတ်ပရိသတ် အများအပြားအတွက် ပြည်သူ့ဆန္ဒခံယူပွဲ၌ မဲပေးခြင်းမှာ ပထမဦးဆုံးအကြိမ် ဖြစ်ပေလိမ့်မည်။

ပြည်သူ့ဆန္ဒခံယူပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုပြုထားသည့်မေးခွန်းအပေါ် နိုင်ငံလုံးဆိုင်ရာ မဲခွဲဆုံးဖြတ်မှုဖြစ်ပြီး၊ ဤအခြေအနေတွင်၊ Aboriginal and Torres Strait Islander Voice ကို ဖွဲ့စည်းထူထောင်ခြင်းအားဖြင့် ဩစတြေးလျား နိုင်ငံတော်၏ ရှေးဦးလူမျိုးများအား အသိအမှတ်ပြုရေးအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲမည်လား၊ မပြောင်းလဲမည်လားဆိုသည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။

ပြည်သူ့ဆန္ဒခံယူပွဲ၌ မဲပေးခြင်းသည် ရွေးကောက်ပွဲနှင့် ကွဲပြားခြားနားပြီး ရလဒ်ကို 'အများစုနှစ်ဆ' က မဲပေးပုံအပေါ် အခြေပြုပါသည်။ ဆိုလိုသည်မှာ၊

- ပြည်နယ်နှင့် အုပ်ချုပ်ခံနယ်မြေအားလုံးမှ နိုင်ငံ၏ အများစု (၅၀ % ကျော်)နှင့်
- ပြည်နယ်အများစု (ပြည်နယ်ခြောက်ခုအနက် အနည်းဆုံး လေးခု) တွင် အများစု (၅၀ % ကျော်) ဖြစ်ရမည်။

AEC က သင် နည်းလမ်းမှန်ကန်စွာ မဲပေးနည်း၊ မဲရုံတွင် ဖြစ်မည့် ဖြစ်စဉ်ကို သိရှိရန်နှင့် သတင်းအချက်အလက်ရင်းမြစ်များကို စစ်ဆေးနိုင်မည့် လက်တွေ့ကျသော အကြံပြုချက်များ အပါအဝင် ပြည်သူ့ဆန္ဒခံယူပွဲ၌ သင်မဲပေးမှုကို စီစဉ်ရာတွင် သင့်အား ပံ့ပိုးကူညီပေးရေး အဖြစ် ဤလမ်းညွှန်ကို ပြုစုထားပါသည်။

မဲပေးသည့်နေ့တွင် နိုင်ငံတစ်ဝန်းတွင် မဲရုံပေါင်း ၇,၀၀၀ ကျော် ဖွင့်လှစ်ပေးမည်ဖြစ်ပြီး၊ စောစီးစွာ မဲပေးနည်းများနှင့် ဝေးလံခေါင်သီသောနေရာများသို့ ယခင်ကထက်ပိုပြီး သွားရောက်မည့် Remote Voter Services အဖွဲ့များ ပိုမိုရှိမည်ဖြစ်သည်။

သမာသမတ်မှုရှိပြီး အချုပ်အချယ်ကင်းခြင်းတို့သည် ဩစတြေးလျား ရွေးကောက်ပွဲကော်မရှင်၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ကျွန်ုပ်တို့ ဦးစီးဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှု၊ လုံခြုံရေးရှိမှုနှင့် တာဝန်ခံမှုတို့သည် အရေးပါပြီး အပြည့်အဝ ရှုမြင်နိုင်ပါသည်။

ပြည်သူ့ဆန္ဒခံယူပွဲကို ကျင်းပပေးရာတွင် လုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင် ကျွန်ုပ်တို့သည် သမာဓိရှိသော အခန်းကဏ္ဍမှ ပါဝင်ရသည့်အတွက် ကျွန်ုပ်ဂုဏ်ယူပါသည်။

နောက်ထပ်အချက်အလက်များအတွက် **aec.gov.au/referendums** တွင်ကြည့်ပါ။

**Tom Rogers**
ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ

ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းတွင် အရည်အချင်းပြည့်မီသူ **၉၇ ရာခိုင်နှုန်း** ကျော်ရှိသည်။

မဲရုံပေါင်း **၇,၀၀၀ ကျော်**

စောစီးကြိုတင် မဲပေးဌာနများ **၅၀၀ ကျော်**

ယာယီ ပြည်သူ့ဆန္ဒခံယူပွဲ အလုပ်သမားများ **၁၀၀,၀၀၀ အထိ**

# ခေတ္တဆိုင်းငံ့ပြီး စဉ်းစားသုံးသပ်ပါ

## ဤပြည်သူ့ဆန္ဒခံယူပွဲတွင် အရင်းအမြစ်များကို လေ့လာစစ်ဆေးပါ။

ပြည်သူ့ဆန္ဒခံယူပွဲကာလအတွင်း သက်သေအထောက်အထားမရှိသော မဲပေးခြင်း လုပ်ငန်းစဉ် အချက်အလက်များ၊ ကွယ်ပျောက်နေသော နောက်ခံအကြောင်းအရာများ သို့မဟုတ် တမင်တကာ လှည့်ဖြားထားခြင်းများတို့ကို သင် ကြုံတွေ့ကြားသိရနိုင်ဖွယ်ရှိပေမည်။

AEC သည် ပြည်သူ့ဆန္ဒခံယူပွဲကို ကျင်းပပေးရန် တာဝန်ချထားခံရသော အချုပ်အချယ်ကင်းသည့် အဖွဲ့အစည်းဖြစ်သည်။ ကျွန်ုပ်တို့သည် လူများအနေနှင့် ပါဝင်ဆင်နွှဲရမည့် လိုအပ်မှုရှိခြင်း၊ ပြည်သူ့ဆန္ဒခံယူပွဲများ၏ ရည်ရွယ်ချက်နှင့် မဲပေးနည်းများအကြောင်းတို့ကို မဲဆန္ဒရှင်များအား ဆက်သွယ်၍ အသိပေးအကြောင်းကြားပါမည်။

ပြည်သူ့ဆန္ဒခံယူပွဲ လုပ်ငန်းစဉ်နှင့် ပတ်သက်၍ သင်မြင်ရ၊ ကြားသိရ၊ ဖတ်ရသည်တို့ကို ဂရုတစိုက် စဉ်းစားသုံးသပ်ရန် အရေးကြီးပါသည်။

သတင်းအချက်အလက်များသည် အောက်ပါတို့နှင့် ကိုက်ညီမှု ရှိ၊မရှိ ကို အောက်ပါတို့နှင့် အချိန်ယူ စဉ်းစားပါ။

- ယုံကြည်စိတ်ချရသော သို့မဟုတ် အသိအမှတ်ပြုနိုင်သော အရင်းအမြစ်မှလား
- လက်ရှိ အခြေအနေနှင့် ကိုက်ညီသလား
- မှားယွင်းမှု ကင်းသလား (လိမ်လည်ထားခြင်းမဟုတ်)

လူမှု မီဒီယာနှင့် အွန်လိုင်းပေါ်မှ အချက်အလက်များဖြစ်လျှင် ၎င်းမှာ အထူးအရေးကြီးသည်။

အထောက်အကူပြုပေးမည့် လက်တွေ့ကျသော အကြံပြုချက်များနှင့်အတူ နောက်ထပ် အချက်အလက်များနှင့် ဗီဒီယိုတို့များအတွက် **aec.gov.au/stopandconsider** ၌ ကြည့်ပါ။

**အရင်းအမြစ်များကို လေ့လာစစ်ဆေးပါ။**



# ပြည်သူ့ဆန္ဒခံယူပွဲတွင် မဲထည့်ရန် ကြိုတင်စီစဉ်ထားပါ။

## မဲရုံများကို နံနက် ၈ နာရီတွင် ဖွင့်လှစ်မည်ဖြစ်ပြီး ညနေ ၆ နာရီတိတိတွင် ပိတ်မည်ဖြစ်သည်။

### မည်သူတို့ မဲပေးရမည်နည်း။

အသက် ၁၈ နှစ်နှင့် ၎င်းအထက်ရှိကြသော ဩစတြေးလျန်နိုင်ငံသားအားလုံး ဤပြည်သူ့ဆန္ဒခံယူပွဲတွင် အမည်စာရင်းသွင်းပြီး မဲပေးရန် လိုအပ်သည်။

### ကျွန်ုပ်ဘယ်မှာ မဲပေးရမည်နည်း။

မဲပေးသည့်နေ့တွင် သင်သည် သင့်ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေအတွင်းရှိ မည်သည့်မဲရုံတွင်မဆို မဲပေးနိုင်ပါသည်။ မဲရုံများကို နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားမည်။

မဲရုံများသည် အများအားဖြင့် ဒေသခံ ကျောင်းများ၊ ဘုရားကျောင်းများ၊ လူထုခန်းမများနှင့် အများလူထုဆိုင်ရာ အဆောက်အဦများတွင် တည်ရှိကြသည်။ သင်နှင့် အနီးဆုံးမဲရုံကို ရှာဖွေရန် **aec.gov.au/where** တွင်ကြည့်ပါ။

သင့်တွင် သွားလာလှုပ်ရှားမှုဆိုင်ရာ ကန့်သတ်ချက်များ သို့မဟုတ် မသန်စွမ်းမှုရှိလျှင် သို့မဟုတ် ထိုသို့သောသူ တစ်ဦးဦးအား ကြည့်ရှုစောင့်ရှောက်နေရလျှင်၊ မဲရုံများကို ဝင်ရောက်နိုင်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို **aec.gov.au/where** တွင် စစ်ဆေးနိုင်ပါသည်။

မျက်မမြင်များနှင့် အမြင်အာရုံနည်းသူများအတွက် မဲပေးနည်းများကို သိရှိရန် **aec.gov.au/assistance** တွင်ကြည့်ပါ သို့မဟုတ် **13 23 26** ကို ဖုန်းဆက်ပါ။

### ကျွန်ုပ်သည် အခြားပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေတွင် ရှိနေပါက မည်သို့လုပ်ဆောင်ရမည်နည်း။

အကယ်၍ သင်သည် မဲပေးသည့်နေ့တွင် အခြားပြည်နယ်သို့ ရောက်ရှိနေပါက သတ်မှတ်ထားသော ပြည်နယ်ခြား မဲပေးဌာနတွင် မဲပေးနိုင်သည် သို့မဟုတ်က စောစီးကြိုတင်၍ မဲပေးနိုင်မှုများကို ထည့်သွင်းစဉ်းစားပါ။

### မဲပေးသည့်နေ့တွင် မဲရုံသို့ ကျွန်ုပ်မသွားနိုင်ပါက ဘာလုပ်ရမည်နည်း။

အကယ်၍ မဲပေးသည့်နေ့တွင် သင့်ပြည်နယ် သို့မဟုတ် သင့် အုပ်ချုပ်ခံနယ်မြေရှိ မဲရုံသို့ မသွားနိုင်ပါက လူကိုယ်တိုင် သို့မဟုတ် စာတိုက်မှတဆင့် စောစီးစွာကြိုတင် မဲပေးရန် လိုအပ်ချက် ပြည့်မီမှု ရှိကောင်းရှိနိုင်မည်ဖြစ်သည်။

### လူကိုယ်တိုင် စောစီးစွာကြိုတင် မဲပေးနည်း

အကယ်၍သင် လိုအပ်ချက် ပြည့်မီပါက သင်သည် မဲပေးမည့်ရက်မတိုင်မီ မဲပေးနိုင်ပါသည်။ ကြိုတင်စောစီး၍ မဲပေးသည့်ဌာနများကို မဲပေးသည့်နေ့မတိုင်မီ နှစ်ပတ်အလိုတနင်္လာနေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်သည်။ ဖွင့်လှစ်မည့် ရက်စွဲနှင့် အချိန်များ ကွဲပြားနိုင်သောကြောင့် မဲပေးဌာန တစ်ခုစီ၏ အသေးစိတ်အချက်အလက်များကို ကြည့်ရှုစစ်ဆေးရန် **aec.gov.au/where** တွင် ကြည့်ပါ။

စောစီးကြိုတင်မဲပေးခြင်းနှင့် သင် လိုအပ်ချက် ပြည့်မီမှု ရှိမရှိကို စစ်ဆေးခြင်းနှင့် ပတ်သက်သော နောက်ထပ် အချက်အလက်များကို **aec.gov.au/early** ၌ကြည့်ပါ သို့မဟုတ် **13 23 26** ကို ဖုန်းဆက်ပါ။

### စာတိုက်မှတဆင့် စောစီးကြိုတင်မဲပေး ပေးနည်း

လိုအပ်ချက် ပြည့်မီကြသော မဲဆန္ဒရှင်များ စာတိုက်မှ မဲပေးနိုင်ပါပြီ။ သင်၏ လိုအပ်ချက် ပြည့်မီမှုကိုစစ်ဆေးပြီးနောက် **aec.gov.au/pva** တွင် သို့မဟုတ် QR ကုဒ်ကို စကင်န်ဖတ်ခြင်းအားဖြင့် အွန်လိုင်းလျှောက်ထားပါ။

သင် အွန်လိုင်း အသုံးမပြုနိုင်သဖြင့် စာတိုက်မဲအတွက် လျှောက်ထားလိုပါက **13 23 26** ကို ဖုန်းဆက်ပါ။

**မဲပေးရမည့်နေ့မတိုင်မီ ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီထက် နောက်မကျစေဘဲ** AEC သို့ လျှောက်လွှာ အမီရောက်စေရန် စာတိုက်မဲကို ဖြည့်စွက်ပါ။

# မဲရုံတွင်ဖြစ်မည့် ဖြစ်စဉ်

၁ သင်မဲစာရွက်ထုတ်ပေးသည့်နေရာသို့ရောက်ရှိသောအခါ မဲရုံအရာရှိက သင့်အမည်၊ လိပ်စာ အပြည့်အစုံနှင့် သင် ၂၀၂၃ ခုနှစ် ပြည်သူ့ဆန္ဒခံယူပွဲ၌ မဲပေးပြီး၊ မပြီးကို မေးမြန်းပါလိမ့်မည်။ ထို့နောက်တွင် သင့်အမည်ကို ရွေးကောက်ပွဲမဲစာရင်းတွင် ခြစ်မှတ်ပစ်လိမ့်မည်။

၂ သင့်အား မဲစာရွက်ကို ပေးလိမ့်မည်။

၃ မဲစာရွက်ပေါ်ရှိ ညွှန်ကြားချက်များကို သေချာစွာ ဖတ်ပါ။

၄ သင့် မဲစာရွက်ကိုဖြည့်ပါ။

၅ သင့် မဲစာရွက်ကိုဖြည့်စွက်ပြီးနောက် ၎င်းကို ခေါက်ပြီး အသင့် ထားပေးသည့် မဲပုံးတွင် ထည့်ပါ။

၆ အကယ်၍ သင်သည် AEC ခဲတံကို အသုံးပြုခဲ့ပါက၊ ၎င်းကို အထွက်လမ်းရှိ သေတ္တာတွင် ထည့်ပါ။ ထွက်ပေါက်အနီးတွင် လက်သန့်ဆေးရည် ရှိနေပါလိမ့်မည်။

**အကယ်၍သင် အကူအညီလိုအပ်လျှင် သင်ယုံကြည်ရသူ တစ်ဦးတစ်ယောက်အား ခေါ်ဆောင်လာနိုင်ကြောင်း သို့မဟုတ် မဲရုံအရာရှိအား မေးကြည့်နိုင်ကြောင်းကို မမေ့ပါနှင့်။**

AEC သည် ကျွန်ုပ်တို့၏ မဲဆန္ဒရှင်များနှင့် အလုပ်သမားများ၏ ဘေးကင်းလုံခြုံရေးကို အလေးအနက်ထားပါသည်။ AEC သည် COVID-19 အခြေအနေကို ဆက်လက်စောင့်ကြည့်နေပြီး သက်ဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များထံမှ အကြံပြုချက်များကို လိုက်နာဆောင်ရွက်နေပါသည်။ ဤလမ်းညွှန်ပါ အချက်အလက်များသည် ပုံနှိပ်သည့်အချိန်ရှိ အခြေအနေများအရ ဖြစ်သည်။ ထို့ကြောင့် ချမှတ်ထားသော အစီအမံများကို ပြောင်းလဲကောင်း ပြောင်းလဲနိုင်ပါသည်။


လက်သန့်ရောဂါပိုးသတ်ဆေးရည်များ အသင့်ရှိနေမည်ဖြစ်ပြီး မိမိနှင့်အတူ နှာခေါင်းစည်းကို ယူဆောင်လာကာ တပ်ဆင်ထားပြီးနောက် အနီးရှိ အခြားသူများနှင့် ခပ်ခွါခွါနေရန် တိုက်တွန်းအပ်ပါသည်။ သင်သည် သန့်ရှင်းသော AEC ခဲတံကို သုံးနိုင်သည်၊ သို့မဟုတ် သင့်ကိုယ်ပိုင် ခဲတံ သို့မဟုတ် ဘောပင်ကို ယူလာနိုင်ပါသည်။

# သင့်မဲကို ရေတွက်ခံရနိုင်မည့် နည်းလမ်း

ဤပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက် ဩစတြေးလျား နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြောင်းလဲရန် အဆိုပြုထားသည့် မဲစာရွက်ကို သင်ရရှိမည်ဖြစ်သည်။

မဲစာရွက်ပေါ်တွင်၊


အဆိုပြုထားသော ပြောင်းလဲမှုကို သင် ထောက်ခံပါက **YES** ဟုရေးပါ။




မဲစာရွက် နမူနာ

**သို့မဟုတ်**

အဆိုပြုထားသော ပြောင်းလဲမှုကို သင် မထောက်ခံပါက **NO** ဟုရေးပါ။




မဲစာရွက် နမူနာ

သင့်အဖြေကို အင်္ဂလိပ်လို ရေးရမည်။

သင် အမှားလုပ်မိက စိတ်မပူပါနှင့်။ မဲစာရွက် နောက်တစ်ရွက်ကိုတောင်းပြီး မဲကို ပြန်ထည့်နိုင်ပါသည်။

**အသက် ၁၈ နှစ်နှင့် ၎င်းအထက်ရှိ ဩစတြေးလျနိုင်ငံသားများ မဲကို မပေးမနေရ ပေးရမည်။ အကယ်၍သင် မဲမပေးပါက ဒဏ်ငွေရိုက်ခံရနိုင်သည် သို့မဟုတ် တရားစွဲခံရနိုင်သည်။ အကယ်၍သင် တစ်ကြိမ်ထက်ပို၍ မဲပေးပါက ၎င်းမှာ ပြစ်မှုဖြစ်မည်။**

10 Mort Street ကင်ဘာရာမြို့တော်ရှိ ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက တရားဝင် ခွင့်ပြုသည်။ | Authorised by the Electoral Commissioner, 10 Mort Street, Canberra